# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၉)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (29-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လို



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈** ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ➡**


ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့အတွက်အဖိုးတန်သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ လက်ရှိလူဦးရေ၊ မြို့ပြနှင့် ကျေးလက်တို့တွင် နေထိုင်နေကြသည့် လူဦးရေ၊ နိုင်ငံသူနိုင်ငံသားတို့၏ ပညာရေးအဆင့်အတန်း၊ အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေနှင့် မည်သည့်အလုပ်များ လုပ်ကိုင်နေကြသည့်အခြေအနေ၊ ရွှေ့ပြောင်းသွားလာမှုအခြေအနေနှင့် လူမှုဘဝအခြေအနေတို့ကို ကိန်းဂဏန်းစာရင်းဇယားအချက်အလက်များဖြင့် တိတိကျကျ ဖော်ပြထားသောစာရင်းဖြစ်သည်။ အဆိုပါကိန်းဂဏန်းအချက်အလက်များသည် နိုင်ငံအတွက်အရေးပါသည့်အချက်အလက်များဖြစ်သကဲ့သို့ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် များစွာအကျိုးရှိစေမည်ဖြစ်သည်။ ထို့ပြင် သန်းခေါင်စာရင်းမှရရှိသည့်ကိန်းဂဏန်းများသည် လက်ရှိအစိုးရတစ်ရပ်အတွက်သာမက နောင်အစိုးရများအထိ လက်ဆင့်ကမ်းအမွေပေးနိုင်မည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ညွှန်းကိုးကားရန် အဖိုးတန်အရင်းအမြစ်များပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC–1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးမျှော်မှန်းချက်များ ဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ မြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်၊ လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ချဲ့ထွင်ရန် စသည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်းအချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏အသက်သွေးကြောဟု ဆိုနိုင်ကြောင်း"** စသည်ဖြင့် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့်လူဦးရေဆိုင်ရာစာရင်းအင်းအချက်အလက်များရရှိရန် အရေးကြီးသည်။ ကုလသမဂ္ဂ၏အကြံပြုချက်အရ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ်ကောက်ယူရန် လိုအပ်သဖြင့် ၂၀၂၄ ခုနှစ်တွင် အခက်အခဲများ၊ စိန်ခေါ်မှုများကြားထဲကပင် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကောက်ယူခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ရှေးပြေးလူဦးရေစာရင်းကို ဦးစွာထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထိုသို့ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို ပြည်ပအကူအညီမပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ရပ်ဖြစ်ပါသည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပြည်ထောင်စုအစီရင်ခံစာတွင်ပါသည့် ကိန်းဂဏန်းအချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိရှိအသုံးပြုသွားကြရမည်ဖြစ်ပါသည်။ ထိုသို့နိုင်ငံအတွက် ယုံကြည်အားထားရသည့် သန်းခေါင်စာရင်းအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့သည်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ယခုကဲ့သို့ အောင်မြင်စွာပြီးမြောက်ခြင်းပင်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် ရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ရက် ၆၀ သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၁၀၃၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၁၀၃၃ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၄၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၃၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ ဒသမ ၁၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၁၄၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ အခုလက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၀၃၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၂၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၂ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၁၄ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၂ ဧက စုစုပေါင်း ၁၀၃၃ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် ကံသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီးမြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကံသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ်၂၀ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ်၂၈ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁ ဒသမ ၇သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေထွက်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၁၀၇ လမ်း၊ ၅၆ လမ်းနေ မိခင် ဒေါ်သန်းကြည်အား ရည်စူး၍ ဦးမောင်မောင်လေး-ဒေါ်နွယ်နွယ်အေး မိသားစုက ဆွမ်းအလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၇၅၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၇၅၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၇၁၅၆ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၇၅၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲ ၁၇၁၅၆ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၇၅၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲ စိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့်အသိပညာပေး လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ ဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် မြေပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။ (၂၀၆)

# ဖျူးမြို့နယ်၌ ချင်းခင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

**ဖျူး အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖျူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းခင်ကျေးရွာအုပ်စု ချင်းခင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၇ ရက်နံနက်ပိုင်းကအဆိုကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဒုတိယအကြိမ်အဖြစ် ချင်းခင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဖျူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုပြည့်**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်ရှိ ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ငှက်ပျောသီးအစုံ အဖီးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငှက်ပျောသီးအစုံအဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ်စသည့် ငှက်ပျောအမျိုးအစားများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလထဲမှာ ငှက်ပျောသီးအစုံ အဖီးရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် ငှက်ပျောသီးတွေကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ပြည်တွင်းမှာကို ငှက်ပျောသီးတွေက ဝယ်ယူမှုများနေတဲ့ အခြေအနေရှိနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ဝါးခယ်မမြို့နယ်ရှိ ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၇၀၀၀၊ သီးမွှေးငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ်၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဗုဒ္ဓပိဋကတ်တော်ကျောက်စာများ

မောင်သာ(ရွှေဟောင်းသုတေသန)

ကောင်းမှုကုသိုလ်တစ်ခုခုကို ပြုလုပ်ပြီးတိုင်း ကုသိုလ်အကျိုးကို မိမိနှင့်ထပ်တူရရှိပါစေကြောင်း အမျှပေးဝေသည့် အလေ့အထသည် မြန်မာဗုဒ္ဓဘာသာဝင်များကျင့်သုံးသည့် ထုံးတမ်းအစဉ်အလာ တစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် ဘုရားရှိခိုးသည့်ကောင်းမှုကို နေ့စဉ်နိစ္စဓူဝပြုချိန်မှာပင် ကြေးစည်ထုကာ အမျှပေးဝေလေ့ရှိကြသည်။

ဘုရားတည်၊ ကျောင်းဆောက် စသည့်ကြီးမားသောကောင်းမှုကုသိုလ်များကို ပြုကြချိန်တွင် အမျှဝေ၊ ဆုတောင်းရုံသာမက ကမ္ပည်းမှတ်တမ်းရေးထိုးသည့်အလေ့အထသည် ပုဂံခေတ်ကတည်းကရှိခဲ့သည်။ ထို့ကြောင့် ပုဂံခေတ်မှစ၍ ယနေ့ခေတ်တိုင်ခေတ်အဆက်ဆက်ရေးထိုးခဲ့သည့် အလှူမှတ်တမ်းကျောက်စာများကို တွေ့ရှိနိုင်ကြသည်။ ထိုကျောက်စာများတွင် အလှူပြုလုပ်သည့်မှတ်တမ်း၊ အမျှပေးဝေခြင်းနှင့် ဆုတောင်းခြင်းတို့အပြင် အချို့ကျောက်စာများတွင် ကျိန်စာဆိုခြင်းများပါ ပါလေ့ရှိသည်။

ဗုဒ္ဓဘာသာဝင်များသည် ကောင်းမှုကုသိုလ်အလှူမျိုးစုံကို ပြုလုပ်လှူဒါန်းကြရာတွင် ဗုဒ္ဓဘုရားရှင်၏အဆုံးအမ သာသနာသုံးရပ်အနက် ပရိယတ္တိသာသနာဖြစ်သည့် ဗုဒ္ဓစာပေများ လှူဒါန်းမှုပြုသည့် ကောင်းမှုများလည်း ပါဝင်ခဲ့သည်။ ၎င်းတို့အနက် ပိဋကသုံးပုံ ကောက်နုတ်ချက်များကို ပျူမြို့ဟောင်း သရေခေတ္တရာမှရရှိခဲ့သည့် ခင်ဘကုန်းရွှေပေလွှာများတွင် တွေ့ရှိခဲ့သည်။ သို့သော် ပိဋကသုံးပုံအပြည့်အစုံကို ကျောက်ချပ်များပေါ်တွင် ရေးထိုးမှတ်တမ်းတင်ခြင်းကို ကုန်းဘောင်ခေတ်နှောင်းပိုင်းမှသာ မင်းတုန်းမင်းက ပထမဆုံး ဆောင်ရွက်ခဲ့သည်။

**ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဟု ထင်ရှားသည့် မဟာလောကမာရဇိန်စေတီဝင်းအတွင်း၌ စိုက်ထူထားသည့် မျက်နှာနှစ်ဖက်ထိုး ကျောက်စာ ၇၂၉ ချပ်ကို ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု တင်စားခေါ်ဆိုကြသည်။ ဗုဒ္ဓသာသနာကျမ်းစာများဖြစ်သည့် ပိဋကသုံးပုံစာသားများကို ရေးထိုးထားသည့် ၎င်းကျောက်စာချပ်များကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) အဖြစ် ၂၀၁၃ ခုနှစ် ဇွန်လက သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံ၏ပထမဆုံးသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ဖြစ်လာခဲ့သည်။

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ကာ ကမ္ဘာ့အမွေအနှစ် (World Heritage) နှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the World) များအဖြစ် သတ်မှတ်ပေးခဲ့သည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ကာ ဘီစီ ၁၇၀၀ မှစ၍ ယနေ့တိုင် ကြွင်းကျန်နေသည့် ဒြပ်ရှိရုပ်ဝတ္ထုများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုများကိုစိစစ်၍ မှတ်တမ်းအမွေအနှစ်များအဖြစ် ၁၉၉၇ ခုနှစ်မှစ၍ ထုတ်ပြန်ပေးခဲ့သည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်ကို နိုင်ငံအသီးသီးရှိ သမိုင်းနှင့်ယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံတိုင်းတွင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများပြုလုပ်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များက အမွေအနှစ်များကို ဆက်လက်သယ်ဆောင်သွားနိုင်ရန်ရည်ရွယ်လျက် နိုင်ငံအသီးသီးက တင်သွင်းလာသည့် အဆိုပြုအမွေအနှစ်များကို နိုင်ငံ ၁၀၄ နိုင်ငံနှင့် အဖွဲ့အစည်းငါးခုတို့က ပူးပေါင်းစိစစ်ပြီး နှစ်နှစ်တစ်ကြိမ်ထုတ်ပြန်ပေးလျက်ရှိသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များတွင် ကျောက်စာများ၊ လက်ရေးစာမူများ၊ တန်ဖိုးမဖြတ်နိုင်သည့် စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့်ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့်ဗီဒီယိုအခွေများ၊ စီဒီများ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ စသည်တို့ပါဝင်သည်။

**မြန်မာနိုင်ငံ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်လေးခု**

မန္တလေးတောင်ခြေရှိ ပိဋကသုံးပုံ ကျောက်စာ ၇၂၉ ချပ်ကို မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် ယူနက်စကိုအဖွဲ့က ၂၀၁၃ ခုနှစ် ဇွန်လတွင် အသိအမှတ်ပြုခဲ့သည်။




၂၀၁၅ ခုနှစ် ဇွန်လတွင် ဂျာမနီနိုင်ငံတွင်ရှိသည့် အလောင်းမင်းတရား ရွှေပေလွှာနှင့် ပုဂံရှိ ရာဇကုမာရ် ကျောက်စာတို့သည် မြန်မာနိုင်ငံ၏ဒုတိယနှင့် တတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ စတုတ္ထမြောက် မှတ်တမ်းအမွေအနှစ်သည် ပုဂံရွှေစည်းခုံစေတီစောင်းတန်းထိပ်တွင် ချိတ်ဆွဲထားသည့် ဘုရင့်နောင်မင်း ခေါင်းလောင်းတွင် ရေးထိုးထားသည့် ခေါင်းလောင်းစာဖြစ်ကာ ယူနက်စကိုအဖွဲ့က ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များအဖြစ် အသိအမှတ်ပြုခဲ့သည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ပိဋကတ်ကျောက်စာများ**

မန္တလေးတောင်ခြေရှိ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ကျောက်စာချပ်များတွင် ဗုဒ္ဓပိဋကသုံးပုံနှင့် နေတ္တိကျမ်း၊ မိလိန္ဒပဉှာကျမ်း၊ ပေဋကောပဒေသဟူသည့် သုတ်သုံးကျမ်း ပိဋကတ်ပါဠိတော်များကို မြန်မာအက္ခရာစာလုံးဝိုင်းဖြင့် ထွင်းထုထားသည်။ ၎င်းကျောက်စာချပ်များကို မင်းတုန်းမင်း၏ အစီအမံဖြင့် ရေးထိုးစိုက်ထူခဲ့ရာ ကျောက်စာ ၇၂၉ ချပ်ကို ၁၈၆၀ ပြည့်နှစ်မှ ၁၈၆၉ ခုနှစ်ထိ ခုနစ်နှစ် ခြောက်လနှင့် ၁၄ ရက်ကြာရေးထိုးခဲ့ရသည်။

မင်းတုန်းမင်းလက်ထက် ၁၈၇၁ ခုနှစ် ဧပြီ ၁၅ ရက်မှ စက်တင်ဘာ ၁၂ ရက်ထိ ကျင်းပခဲ့သည့် ပဉ္စမသင်္ဂါယနာတင်ပွဲ၌ သံဃာတော်အပါး ၂၄၀၀ က ၎င်းပါဠိတော်များကို နေ့စဉ်ရက်ဆက် နေ့ညရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။ သင်္ဂါယနာတင် ပါဠိတော်များကို ၁၉၀၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ရာ တစ်အုပ်လျှင် ဂရိတ်ပရိုင်မာစာလုံးဖြင့် ရှိုင်ရယ် ရှစ်ချိုးအရွယ်၊ တစ်အုပ်လျှင် စာမျက်နှာ ၄၀၀ ခန့်ရှိ စာအုပ် ၃၈ အုပ် ထွက်ပေါ်ခဲ့သည်။ ထိုပိဋကတ်တော်များကို တစ်နေ့လျှင် ရှစ်နာရီ ပုံမှန်ဖတ်လျှင် တစ်နှစ်နှင့်သုံးလကြာမှသာ အားလုံးပြီးဆုံးမည်ဖြစ်သည်။

မင်းတုန်းမင်းသည် ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်တော်များကို သာသနာ့ပ ကာလတိုင်အောင် ကမ္ဘာတည်သရွေ့ တည်တံ့နေစေလိုသည့်ဆန္ဒဖြင့် အမှားအယွင်းကင်းစင်စွာ ကျောက်ထက်အက္ခရာတင်ခဲ့သည်။ ၎င်းတို့သည် ဝိနည်းငါးကျမ်း ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ၂၀၈ ချပ်၊ နိကာယ် ငါးကျမ်းနှင့် သုတ်သုံးကျမ်းအချပ်ရေ ၄၁၀ စုစုပေါင်း ၇၂၉ ချပ်ဖြစ်ပြီး ကျောက်စာတစ်ချပ်စီကို အုတ်ပြာသာဒ်တိုက်တစ်ခုစီဖြင့် မဟာလောကမာရဇိန်စေတီဝင်း ပထမမဟာရံတံတိုင်းအတွင်း၌ ၄၂ ချပ်၊ ဒုတိယမဟာရံတံတိုင်းအတွင်း၌ ၁၆၈ ချပ်၊ တတိယမဟာရံတံတိုင်းအတွင်း၌ ၅၁၉ ချပ် စိုက်ထူခဲ့သည်။ ကျောက်စာချပ်တစ်ချပ်သည် အလျား ငါးပေ၊ အနံ လေးပေ ခြောက်လက်မ၊ မြေဝင်တစ်ပေနှင့် အထူ ခြောက်လက်မရှိသည်။

စေတီဝင်းအတွင်း၌ မင်းတုန်းမင်း၏ပိဋကတ်ကျောက်စာတော်များကို စိုက်ထူထားသဖြင့် မဟာလောကမာရဇိန်စေတီသည် (မင်းတုန်းမင်း၏) ကုသိုလ်တော်ဘုရားဟု ထင်ရှားခဲ့သည်။ ၎င်းကျောက်စာများသည် ဗုဒ္ဓပိဋကတ်တော်များကို အပြည့်စုံဆုံးရေးထိုးသည့်မှတ်တမ်းများဖြစ်ပြီး မင်းတုန်းမင်း၏ အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်ခဲ့မှုအဖြစ် ယနေ့တိုင် ဂုဏ်ယူဖွယ်တည်ရှိနေသည်။

**ရတနာပုံ မန္တလေး၏ သမိုင်းနောက်ခံ**

၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်ထိ ၁၃၃ နှစ် သက်တမ်းရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်၏ နောက်ဆုံးဘုရင်နှစ်ပါးဖြစ်သည့် မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈) နှင့် သီပေါမင်း(ခရစ်နှစ် ၁၈၇၈-၁၈၈၅) တို့သည် ရတနာပုံမန္တလေးမြို့တွင် နန်းစိုက်ခဲ့ကြရာ ထိုမင်းနှစ်ပါးစိုးစံခဲ့သည့် ၁၈၅၃ ခုနှစ်မှ ၁၈၈၅ ခုနှစ်ထိ ၃၂ နှစ်ကြာကာလကို ရတနာပုံခေတ်ဟုခေါ်ဆိုသည်။

၁၈၅၃ ခုနှစ်တွင် ကုန်းဘောင်ဘုရင်ဖြစ်လာခဲ့သည့် မင်းတုန်းမင်းသည် (ကုန်းဘောင်ဆက် မြန်မာ့ရက်စွဲသမိုင်းစာအုပ်အရ) ၁၈၅၇ ခုနှစ် မေ ၁၅ ရက် တနင်္ဂနွေနေ့တွင် ရတနာပုံရွှေမြို့တော်ကို ပန္နက်တင်ခဲ့သည်။ ထိုနေ့သည် သက္ကရာဇ် ၁၂၁၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်ဖြစ်သဖြင့် မြို့တည်မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ်ကို အောင်ကျော်ချမ်းအေး မန္တလေးဟုလည်းကောင်း၊ အုတ်ကျစ်ကျော်အေး မန္တလေးဟုလည်းကောင်း အမှတ်အသားပြုကြသည်။

မင်းတုန်းမင်းသည် "မြို့ ကျုံး စေတီ၊ သိမ်ကျောင်းသုခမ္မာ၊ ရွှေစာအမြတ်၊ ပိဋကတ်တိုက်၊ သမိုက် မြဲမြံ၊ ခုနစ်တန်ကို၊ ဆော်ဖန်အောင်စည်၊ တစ်ပြိုင်တည်"ဟူသည့် မြို့အင်္ဂါ ခုနစ်ရပ်အတိုင်း နန်းမြို့၊ ကျုံး၊ မဟာလောကမာရဇိန်စေတီ၊ ပဋ္ဌာန်းမဟာရွှေသိမ်၊ အတုမရှိကျောင်း၊ သုဓမ္မာဇရပ်နှင့် ပိဋကတ်တိုက်တို့ကို တစ်ပြိုင်တည်းပန္နက်တင်ခဲ့သည်။

မန္တလေး၏ မူလဘူတခုနစ်ဌာနအနက် တစ်ခုဖြစ်သည့် မဟာလောကမာရဇိန်စေတီတော်၏ ၁၃ ဧကကျယ်ဝန်းသည့်ဝင်းအတွင်း၌ ပိဋကတ်ကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ် (၁၈၇၁ ခုနှစ်) က စိုက်ထူခဲ့ရာ ယခုအချိန်တွင် သက်တမ်း ၁၅၄ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

**ပိဋကတ်တော်များ ပြင်ဆင်မှု**

ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာမတင်မီ သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် ရွှေရေး၊ မင်ရေး၊ ကညစ်ရေးသုံးမျိုးဖြင့် ပေထက်တွင် ရေးကူးခဲ့သည်။ သာသနာပိုင်ဆရာတော်ဦးစီးသည့် ပိဋကတ်ဆရာတော် လေးပါး၊ စာကြည့်ဆရာတော် အပါး ၃၀၊ စာတည်းဆရာတော်အပါး ၅၀၊ ပိဋကတ် အကျော်ဆရာတော်အပါး ၅၀ တို့က ရေးကူးမည့်စာများကို စေ့စပ်သေချာစွာ ကြည့်ရှုစစ်ဆေးပြီးမှ ပိဋကတ်တိုက်စိုး၊ သွေးသောက်ကြီး၊ တိုက်စောင့်၊ အကြပ်၊ အစုရေး၊ ပိဋကတ်ရေး စသောအမှုထမ်း ၁၀၀ ကျော်တို့က ကညစ်ဖြင့် ရေးကူးခဲ့သည်။ ပိဋကတ်တော်များရေးကူးနေစဉ် ဒက္ခိဏာရာမ ဆရာတော်၊ မြင်းဝန်တိုက်ဆရာတော်နှင့် ဆီးဘန်နီဆရာတော်တို့က ကြပ်မတ်ခဲ့သည်။ ပေစာမူများအားလုံး ရေးကူးပြီးချိန်တွင် လွှတ်စာရေးများကို ထပ်မံစစ်ဆေးစေပြီး တံဆိပ်တော်ရ စာတည်း၊ စာချဆရာတော်များက ထပ်မံတည်းဖြတ်ကြသဖြင့် အမှားအယွင်းလုံးဝကင်းစင်သော ပိဋကတ်ပေမူကို ရရှိခဲ့သည်။

ထိုအချိန်တွင် မန္တလေးမြို့ကို မတည်ရသေးသဖြင့် ရွှေရေး၊ မင်ရေး၊ ကညစ်ရေးပေစာထုတ်ပေါင်း ၂၀၀ ကျော်ကို အမရပူရပိဋကတ်တိုက်တွင် ထားရှိခဲ့ပြီး မန္တလေးမြို့ကိုတည်ပြီးနောက်မှ တောင်ခြေရှိ ပိဋကတ်တိုက်တော်သို့ ပြောင်းရွှေ့သိမ်းဆည်းခဲ့သည်။ ၎င်းပိဋကတ်တိုက်တော်သည် မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရားမြောက်ဘက်တွင်ရှိခဲ့သော်လည်း ယခုအခါတွင် မမြင်တွေ့ရတော့ချေ။

မင်းတုန်းမင်းသည် ပဉ္စမသင်္ဂါယနာမတင်မီ သန့်စင်သော ပိဋကတ်ပေမူများကို စကျင်ကျောက်ပြားများပေါ်သို့ ရေးကူးထွင်းထုစေပြီး စာလုံးများအားလုံးကို ရွှေမင်သွင်းခဲ့ရာ ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်တွင် ပြီးစီးခဲ့သည်။ ကျောက်စာတစ်ချပ်စီကို အုတ်ပြာသာဒ်တိုက် တစ်ခုစီအတွင်း၌ ထည့်သွင်းစိုက်ထူခဲ့သဖြင့် ပြာသာဒ်တိုက်ပေါင်း ၇၂၉ တိုက်ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ကျောက်စာပါစာလုံးများကို ရွှေရောင်သွင်းခဲ့ပြီး သီပေါမင်းလက်ထက်တွင် ရွှေမင်ပြန်ထပ်ခဲ့သည်။

ကျောက်စာပြာသာဒ်တိုက်များကြားတွင် ချရားပင်များ၊ ခရေပင်များကိုစိုက်ပျိုးထားခဲ့ရာ သက်တမ်းနှစ် ၁၀၀ ကျော်နေပြီဖြစ်ပြီး အချို့သောအပင်များတွင် စိုက်ပျိုးခဲ့သည့် ခုနှစ်သက္ကရာဇ်ကို ဖော်ပြထားသည့် ဆိုင်းဘုတ်ငယ်များ ချိတ်ဆွဲထားသည်။

ကုသိုလ်တော်ဘုရားကျောက်စာများကို မရေးထိုးမီ မန္တလေးနန်းတွင်းတွင် ခမ်းနားသောတန်ဆောင်းကြီးတစ်ခုဆောက်လုပ်ပြီး ထိုတန်ဆောင်းအတွင်း၌ သက္ကရာဇ် ၁၂၂၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (၁၈၆၀ ပြည့်နှစ် အောက်တိုဘာ ၁၄ ရက်) တွင် စတင်ထုလုပ်ခဲ့ရာ ခုနစ်နှစ် ခြောက်လ ၁၄ ရက်မျှ ကြာမြင့်ခဲ့ပြီး ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက် (၁၈၆၈ ခုနှစ် မေ ၄ ရက်) တွင် ပြီးစီးခဲ့သည်။

**စာမျက်နှာ ၅ သို့** á

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၈၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၈၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေထောက်ပဲဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေထောက်ပဲတွေ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေထောက်ပဲစိုက်တောင်သူများကို စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ပြီး သုံးနှစ်အကြာ ၁၂၃၃ ခုနှစ် တန်ခူးလဆုတ် ၁၁ ရက် မြန်မာနှစ်ဆန်း ၁ ရက် (၁၈၇၁ ခုနှစ် ဧပြီ ၁၅ ရက်) တွင် ပဥ္စမအကြိမ် သင်္ဂါယနာတင်ခဲ့သည်။

ကျောက်စာအလှူတော်ငွေကျပ် ၂၂ ကုဋေ ခြောက်သန်းမျှ ကုန်ကျသည့်စာရင်းကို ရေးထိုးထားသည့် အလှူတော်စာရင်းကျောက်စာသုံးချပ်ကို ပထမ မဟာရံတံတိုင်း တနင်္ဂနွေထောင့်ရှိ ဂူနှစ်လုံးထဲတွင် စိုက်ထူခဲ့သည်။ ၎င်းကျောက်စာသုံးချပ်ကို ကြေးမြင်မိဘုရား၏ တိုက်တွန်းမှုကြောင့် ဝက်မစွပ်မြို့စားက ရေးသားခဲ့သည်။

၎င်းကျောက်စာ ၇၂၉ ချပ်ကို ပဥ္စမသင်္ဂါယနာတင်မှုအဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။ ကုသိုလ်တော်ဘုရားကျောက်စာများသည် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် သတ်မှတ်နိုင်ရုံသာမက ဗုဒ္ဓပိဋကတ်တော်များကို အပြည့်စုံဆုံးမှတ်တမ်းတင်ထားသည့်တစ်ခုတည်းသော တစ်မူထူးခြားသည့် မှတ်တမ်းအမွေအနှစ်ဖြစ်ခြင်းကြောင့် မင်းတုန်းမင်း၏ အမြော်အမြင်ကြီးမားခဲ့မှုနှင့် လုံ့လဥဿာဟစိုက်ခဲ့မှုသည် မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ယူဖွယ်သာသနာပြုလုပ်ငန်းတစ်ရပ်အဖြစ် သမိုင်းတင်ခဲ့သည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အထိမ်းအမှတ် ကျောက်တိုး (MoW Logo)ကို မန္တလေးမြို့ မဟာလောကမာရဇိန်စေတီဝင်ပေါက် မုခ်ဦးရှေ့ ဝဲဘက်ခြမ်းတွင် ၂၀၁၄ ခုနှစ် မေ ၈ ရက်က စိုက်ထူခဲ့သည်။ ၎င်းအထိမ်းအမှတ်ကျောက်တိုးပေါ်တွင် ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက်စွဲဖြင့် ယူနက်စကိုအဖွဲ့ အတွင်းရေးမှူးချုပ် လက်မှတ်ရေးထိုးထားသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အသိအမှတ်ပြုလွှာကို ဖော်ပြထားသည်။

အထိမ်းအမှတ် စကျင်ကျောက်ဖြူတုံးနှင့်အတူ ကုသိုလ်ရှင်မင်းတုန်းမင်းကြီး၏ရုပ်တုနှင့် ရတနာပုံမန္တလေးမြို့တည်နန်းတည်နှစ် ၁၅၀ ပြည့် မော်ကွန်းကျောက်စာတိုင်ကိုလည်း မြင်တွေ့နိုင်ကြသည်။ မဟာလောကမာရဇိန်စေတီဝင်းအတွင်းရှိ ပိဋကတ်ကျောက်စာများ မှတ်တမ်းအကျဉ်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ခေါင်းစဉ်ထိုးထားသော ကျောက်စာချပ်ကြီးကိုလည်း စေတီတော်အဝင်မုခ်ဦး၏ ယာဘက်ခြမ်းတွင် စိုက်ထူထားသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ် တစ်ခုဖြစ်သည့် ကုသိုလ်တော်ဘုရားကျောက်စာများသည် မြန်မာနိုင်ငံ၏ ကျောက်စာရေးထိုးမှုသမိုင်းတွင် ပိဋကသုံးပုံအပြည့်အစုံကို ပါဠိဘာသာ၊ မြန်မာအက္ခရာ စာလုံးများဖြင့် ပထမဆုံးရေးထိုးခဲ့သည့် မှတ်တမ်းကျောက်စာများအဖြစ် အကိုးအကားပြုနိုင်ခဲ့ကြပေသည်။

**ကိုးကား**

- **ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး(လူထုဒေါ်အမာ)**
- **ကုန်းဘောင်ဆက် မြန်မာ့ရက်စွဲသမိုင်း (ဦးတိက္ခဓမ္မာလင်္ကာရနှင့် ဒေါက်တာသန်းထွန်း)**
- **Memory of the World (UNESCO Publishing)**

# တို့မြန်ပြည်သား

– ဤမြေမှာ အတူဖွား
နိုင်ငံသား တို့တစ်တွေ၊
ဤရေကို အတူသောက်
ကြီးမြောက်ခဲ့ပေ၊
တို့ပိုင်နက် မြေရေလေ
တည်တံ့စေ ရည်မြော်တွေး၊
ညီညွတ်စွာ စည်းလုံးမှု
ပြုကြမယ်လေး။

– အတွေးအခေါ် လွဲမမှား
သွေးသားရင်း စိတ်ထားမှာ၊
အရေးကြီးလာ သွေးစည်းကြ
ထာဝရပါ၊
သာယာလှတဲ့ တို့မြန်မာ
တိုးတက်ရာ တိုးတက်ရေး၊
စုပေါင်းညီ တို့ဆောင်ရွက်လို့
လက်တွဲမယ်လေး။

– နှစ်ရှည်ကြာ ထောင်သောင်းမက
နေလာကြ လူမျိုးစုံ၊
အမည်တွေ ဘယ်လိုကွဲပေမဲ့
လက်တွဲရှိန်ဟုန်၊
စိတ်ထားက အဖုံဖုံ
ယုံကြည်ရာ ဘာသာတရား၊
အားလုံးညီ တစ်စိတ်ဝမ်းနဲ့
လမ်းကြောင်းမှန် လျှောက်ကာပြုတဲ့
ပြည်ထောင်စုသား။ ။

**အာကာမောင်မောင်**

# ရမည်းသင်းမြို့နယ် သစ္စေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် သစ္စေးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သစ္စေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၁၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နီလာ**

## နိုင်ငံတကာ သတင်းများ



# သမ္မတဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် တိုကျိုမြို့၌ တွေ့ဆုံဆွေးနွေး

**တိုကျို အောက်တိုဘာ ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယနေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်ဝန်ကြီးချုပ်သစ် ဆာနာအိတာကာအီချီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် တာကာအီချီကို အကောင်းဆုံး ဂျပန်ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာနိုင်သူအဖြစ် သမ္မတ ဒေါ်နယ်ထရမ့်က ချီးကျူးစကားပြောကြားခဲ့သည်။

အလားတူ ဂျပန်ဝန်ကြီးချုပ် တာကာအီချီကလည်း ကမ္ဘာတစ်ဝန်းပဋိပက္ခများအား ဖြေရှင်းပေးရန် သမ္မတဒေါ်နယ်ထရမ့်၏ ကြိုးပမ်းမှုများကိုလည်း ဂုဏ်ပြုခဲ့သည်။

ယင်းအပြင် သမ္မတ ဒေါ်နယ်ထရမ့်ကို ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အမည်စာရင်းပေးသွင်းမည်ဖြစ်ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ်က ကတိပြုခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအီချီတို့သည် ယနေ့တွင် မြေရှားသတ္တုထုတ်လုပ်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်ခရီးစဉ်ပြီးဆုံးချိန်တွင် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (အေပက်)ထိပ်သီး ညီလာခံတက်ရောက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂျပန်ဝန်ကြီးချုပ်ဟောင်းကို လုပ်ကြံသူအဖြစ် စွဲချက်အတင်ခံထားရသူကို ပထမဆုံးအကြိမ်ရုံးထုတ်

**တိုကျို အောက်တိုဘာ ၂၈**

ဂျပန် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးအား လုပ်ကြံခဲ့သူအဖြစ် တရားစွဲခံထားရသူ အမျိုးသားကို ယနေ့တွင် စတင်ရုံးထုတ်စစ်ဆေးခဲ့သည်။

ယနေ့ ရုံးထုတ်စစ်ဆေးမှုတွင် အစိုးရရှေ့နေများ၏စွပ်စွဲချက်များအတွက် အပြစ်ရှိကြောင်း ယာမာဂါမီအမည်ရှိ အဆိုပါအမျိုးသားက ဝန်ခံချက်ပေးထားသည်။

အသက် ၄၅နှစ်အရွယ် ယာမာဂါမီကို ၂၀၂၂ ခုနှစ် အတွင်း ကျင်းပခဲ့သည့် မဲဆွယ်စည်းရုံးပွဲတစ်ပွဲ၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား လက်လုပ်သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သူအဖြစ် ဂျပန်အစိုးရရှေ့နေများက တရားစွဲထားသည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေး လက်လုပ်သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုသည် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံအနောက်ပိုင်း နာရာမြို့၌ ကျင်းပခဲ့သည့်မဲဆွယ်ပွဲတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာမာဂါမီကို ဂျပန်ရဲတပ်ဖွဲ့က အခင်းဖြစ်ရာ နေရာမှာပင် ဖမ်းဆီးနိုင်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏မိတ်ဆွေရင်းချာတစ်ဦးဖြစ်သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဂျပန်နိုင်ငံသို့ ရောက်ရှိနေချိန်တွင် ယာမာဂါမီကို ပထမဆုံးအကြိမ်အဖြစ် ရုံးထုတ်စစ်ဆေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီး မော်စကိုမြို့၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေး



**မော်စကို အောက်တိုဘာ ၂၈**

ရုရှားနိုင်ငံသို့ ရောက်ရှိနေသော မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးသည် အောက်တိုဘာ ၂၇ ရက်တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၇ ရက် ဆွေးနွေးပွဲတွင် ရုရှားသမ္မတ ပူတင်နှင့် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း မြောက်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာမှုနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများက စိုးရိမ်နေကြချိန်တွင် ရုရှားနိုင်ငံသို့ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးရောက်ရှိနေခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးချိုဆွန်ဟွီးသည် အောက်တိုဘာ ၂၇ ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ပြီးခဲ့သည့်နှစ်တွင် နှစ်နိုင်ငံ အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ယူကရိန်းပဋိပက္ခတွင်လည်း ရုရှားနိုင်ငံကို လူအင်အား၊ လက်နက်အင်အားများဖြင့် အကူအညီပေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကင်ညာနိုင်ငံ၌ လေယာဉ်ပျက်ကျမှုကြောင့် လူ ၁၂ ဦးသေဆုံး



**နိုင်ရိုဘီ အောက်တိုဘာ ၂၈**

ကင်ညာနိုင်ငံ ကွာလီကမ်းရိုးတန်းဒေသ၌ ယနေ့တွင် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့ရကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆက်စနာကာရာဗင် အမျိုးအစား အဆိုပါလေယာဉ်သည် မာဆိုင်းမာရာအမျိုးသားသစ်တောကြိုးဝိုင်းဆီသို့ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယင်း လေယာဉ်ငယ်သည် ဒီရာနီလေဆိပ်အမည်ရှိ လေဆိပ်တစ်ခုနှင့်၂၅မိုင်ခန့်အကွာ သစ်တောနယ်မြေတစ်ခုပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်ဖြင့် လိုက်ပါသွားသည့် ခရီးသည်အားလုံးမှာ နိုင်ငံခြားသားများဖြစ်ကြကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မာဆိုင်းမာရာအမျိုးသားသစ်တောကြိုးဝိုင်းသည် နှစ်စဉ်စားကျက်ရွှေ့ပြောင်းလေ့ရှိသည့် သားရိုင်းတိရစ္ဆာန်များကြောင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့်နေရာတစ်ခုဖြစ်သည်။

လက်ရှိအချိန်တွင် လေယာဉ်ငယ်ပျက်ကျရခြင်း၏ နောက်ခံအကြောင်းရင်းကို ကင်ညာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နိုဗာယာဇမ်လျာကျွန်းဆွယ်မှတစ်ဆင့် ရုရှားတပ်မတော် ဘူရီဗက်စနစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်

**အော့စလို အောက်တိုဘာ ၂၈**

ဘူရီဗက်စနစ်အမည်ရှိ နျူကလီးယားစွမ်းအင်သုံး တာဝေးပစ်ခရုစ်ဒုံးကျည်ကို ရုရှားတပ်မတော်က အာတိတ်ဒေသ ဘာရင်းပင်လယ် နိုဗာယာဇမ်လျာ ကျွန်းဆွယ်မှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း နော်ဝေစစ်ထောက်လှမ်းရေးအဖွဲ့က အောက်တိုဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဘူရီဗက်စနစ် နျူကလီးယားစွမ်းအင်သုံး ခရုစ်ဒုံးကျည်စနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ရုရှားတပ်မတော်က အောက်တိုဘာ ၂၆ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဘူရီဗက်စနစ် နျူကလီးယားစွမ်းအင်သုံး ခရုစ်ဒုံးကျည်စမ်းသပ်မှုကို အောက်တိုဘာ ၂၁ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားတပ်မတော်သတင်းထုတ်ပြန်ချက်၌ဖော်ပြထားသော်လည်း မည်သည့်နေရာမှတစ်ဆင့် စမ်းသပ်ပစ်လွှတ်ခဲ့သည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် နော်ဝေစစ်ထောက်လှမ်းရေးအဖွဲ့၏အဆိုအရ ရုရှားတပ်မတော်သည် ဘူရီဗက်စနစ်ဒုံးကျည်ကို နိုဗာယာဇမ်လျာ ကျွန်းဆွယ်မှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၁ ရက် စမ်းသပ်မှုတွင် ဘူရီဗက်စနစ် ဒုံးကျည်သည် လေထဲ၌ ၁၅ နာရီကြာ ပျံသန်းခဲ့ပြီး ခရီးအကွာအဝေး မိုင်ပေါင်း ၈၇၀၀ ထိရောက်ရှိခဲ့ကြောင်း ရုရှားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အကန့်အသတ်မရှိ ပျံသန်းနိုင်သလို ပျံသန်းရာ လမ်းကြောင်းခန့်မှန်းရခက်ခဲမှုကြောင့် ဘူရီဗက်စနစ် နျူကလီးယားစွမ်းအင်သုံး ခရုစ်ဒုံးကျည်သည် လက်ရှိလေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ် လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်




**ပေကျင်း အောက်တိုဘာ ၂၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို မကြာမီကာလအတွင်း သင့်လျော်သည့်အချိန်တွင် တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်နှင့် လောင်းမတ်ချ်-၂ အက်ဖ် ဒုံးပျံတို့ကို ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်နှင့် လောင်းမတ်ချ် -၂ အက်ဖ် ဒုံးပျံတို့ကို ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေး စခန်း၌ မလွှတ်တင်မီ အကြိုစစ်ဆေးစမ်းသပ်မှုများပြုလုပ်မည်ဖြစ်သည်။

ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းသည် တရုတ်အမျိုးသားအာကာသအေဂျင်စီက အာကာသလူသယ်ယာဉ်များ လွှတ်တင်နေသည့် တစ်ခုတည်းသောအာကာသစခန်းဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုးအာကာသလူသယ်ယာဉ် မစ်ရှင်အားလုံးကို ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုသစ်များကို ထပ်မံလွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ယနေ့တွင် စတားလင့်ခ် ဂြိုဟ်တုသစ်များကို ထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။



လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သော မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၃၇ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အထက်ပါ ဖယ်လ်ကွန်-၉ မစ်ရှင်များအနက် ၉၈ ခုမှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက် တည်ဆောက်ရေးအတွက် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကိုးဖန်-၁၄ ၀၂ အမည်ရှိ ကမ္ဘာဂြိုဟ်စူးစမ်းလေ့လာရေးဂြိုဟ်တုကို တရုတ်အမျိုးသားအာကာသအေဂျင်စီက အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း အောက်တိုဘာ ၂၈**

ကိုးဖန်-၁၄ ၀၂ အမည်ရှိကမ္ဘာဂြိုဟ်စူးစမ်းလေ့လာရေးဂြိုဟ်တုကို တရုတ်အမျိုးသားအာကာသအေဂျင်စီက အောက်တိုဘာ ၂၆ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ ကြောင်း သိရသည်။

ကိုးဖန်-၁၄ ၀၂ ဂြိုဟ်တုကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်းအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် ကိုးဖန်-၁၄ ၀၂ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုးဖန်-၁၄ ၀၂ ဂြိုဟ်တုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပုံရိပ်အရည်အသွေးမြင့် ဓာတ်ပုံများကို ရိုက်ကူးပေးနိုင်စွမ်းရှိကြောင်းတရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမစ်ရှင်သည် လောင်းမတ်ချ်အုပ်စုဝင်ဒုံးပျံများ၏ ၆၀၃ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ပြီး ကိုးဖန်ဂြိုဟ်တုများသည် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု၊ မြို့ပြစီမံချက်များနှင့် အမျိုးသားကာကွယ်ရေး အစီအစဉ်များအတွက် အရေးပါသောဘူမိအချက်အလက်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အမျိုးသမီးများ သီတင်းတစ်ပတ်အတွင်း မိနစ် ၄၀ ကြာ လမ်းလျှောက်ခြင်းနှစ်ကြိမ်ပြုလုပ်ပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေ လျော့ကျနိုင်

**နယူးယောက် အောက်တိုဘာ ၂၈**

သီတင်းတစ်ပတ်အတွင်း မိနစ် ၄၀ ကြာ လမ်းလျှောက်ခြင်းကို နှစ်ကြိမ်ပြုလုပ်ပါက အမျိုးသမီးများ၌ နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို လျော့ကျနိုင်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဘီဒဗလျူ အိတ်ချ်ဆေးရုံကြီးမှ သုတေသနပညာရှင်များသည် ပျမ်းမျှ အသက် ၇၁ နှစ်ရှိသည့် အမျိုးသမီးဦးရေ ၁၃၀၀၀ ကျော်တို့၏ လမ်းလျှောက်မှုပုံစံများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိနစ် ၄၀ ကြာ လမ်းလျှောက်ခြင်းကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ပြုလုပ်သည့် အမျိုးသမီးများတွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများကို လေးပုံတစ်ပုံကျော်ထိ လျော့ကျနိုင်ကြောင်း သိရသည်။

သို့ရာတွင် တစ်ကြိမ်လျှောက်လျှင် မိနစ် ၄၀ ထက်ပိုလျှောက်ခြင်း၊ သီတင်းတစ်ပတ်လျှင် သုံးကြိမ်ထက်ပို၍ လျှောက်ခြင်းတို့ကြောင့် အထက်ပါနှလုံးကျန်းမာရေးအကျိုးကျေးဇူး ပို၍မြင့်မားလာမှုမရှိသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## RSV ဆေးကို ကိုယ်ဝန်ဆောင်ကာလတွင် မိခင်များထိုးနှံပြီးသည့်တိုင် မွေးဖွားလာသည့် ကလေးများကိုလည်း ဘေးကင်းလုံခြုံစွာထိုးနှံပေးနိုင်

**နယူးယောက် အောက်တိုဘာ ၂၈**

Respiratory Syncystial Virus (RSV) ခေါ် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်ကာလတွင် မိခင်များကထိုးနှံပြီးသည့်တိုင် မွေးဖွားလာသည့်ကလေးများကိုလည်း ၎င်းကာကွယ်ဆေးကို ဘေးကင်းလုံခြုံစွာ ထိုးနှံပေးနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။

RSV အသက်ရှူလမ်းကြောင်းကူးစက်ရောဂါသည် မွေးကင်းစကလေးများ ဆေးရုံတက်ရောက်ရမှု၏ အဓိကအကြောင်းတရားဖြစ်ကြောင်း သိရသည်။

အဆိုပါ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ တားဆီးရေးအတွက် မွေးကင်းစကလေးများကို Nirsevimab (Beyfortus) ခေါ် ကာကွယ်ဆေးတစ်မျိုးကို ထိုးနှံပေးနိုင်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Nirsevimab ကာကွယ်ဆေးကို မိခင်လောင်းဘဝတွင် မိခင်များက ထိုးနှံထားပြီးဖြစ်သည့်တိုင် မွေးဖွားလာသောကလေးများတွင်လည်း ဘေးကင်းလုံခြုံစွာထိုးနှံပေးနိုင်သည်ကိုတွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် မိခင်နှင့်ကလေးအတွဲပေါင်း ၁၈၁ တွဲကို လေ့လာဆန်းစစ်ခဲ့ပြီး ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## မေဂျာလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆုကို တိုက်စစ်မှူး ဆွန်ဟောင်မင် ဆွတ်ခူး

**ဝါရှင်တန် အောက်တိုဘာ ၂၈**

မေဂျာလိဂ် အမှတ်ပေးပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံး သွင်းဂိုး ဆုကို အယ်လ်အေအက်ဖ်စီအသင်းမှ တိုက်စစ်မှူး ဆွန်ဟောင်မင်က တိုက်စစ်မှူး မက်ဆီကို ကျော်ဖြတ်၍ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးဆွန်ဟောင်မင်သည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလက စပါးအသင်းမှ အယ်လ်အေအက်ဖ်စီအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်စတင်ပူးပေါင်းချိန်တွင် ခြေစွမ်းပြ ဂိုးသွင်းယူနိုင်ခဲ့ကာ အက်ဖ်စီဒါးလက်စ်အသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် အလွတ်တည်ကန်ဘောမှ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အဆိုပါသွင်းဂိုးသည် တစ်နှစ်တာအကောင်းဆုံး သွင်းဂိုးစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အသင်းအနေဖြင့် တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သော်လည်း ဆွန်ဟောင်မင်၏သွင်းဂိုးမှာ အဝေးကန်သွင်းချက်ဖြစ်သည့်အပြင် တိကျသေသပ်လွန်းသည့် သွင်းဂိုးဖြစ်သောကြောင့် မက်ဆီကိုကျော်ဖြတ်၍ ဆန္ဒမဲအသာဖြင့် တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဖြစ်ခဲ့သည်။

ဆွန်ဟောင်မင်သည် မေဂျာလိဂ်ပြိုင်ပွဲ ၁၀ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် တစ်နှစ်တာအကောင်းဆုံး သွင်းဂိုးဆုများကို စင်စင်နာတီအသင်းမှ ကစားသမားများက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : SI

Trs : ML




## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းတွင် ပွဲကစားခွင့်ရရှိရန်ခက်ခဲနေသည့် ကွင်းလယ်ကစားသမားအူဂါတီကို တူကီယဲကလပ် ဂါလာတာစာရေးအသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- အာဆင်နယ်အသင်းက နည်းပြအာတီတာ လက်ထက်တွင် အပြောင်းအရွှေ့အသုံးစရိတ်တစ်ဘီလီယံကျော် အသုံးပြုထားသော်လည်း အသင်းအနေဖြင့် ယခုနှစ်တွင် ဆုဖလားမရမည်ကို စိုးရိမ်နေသည်ဟု တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက တောင်ပံကစားသမား ဆာကာကို တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၀၀၀၀၀ ကျော်ဖြင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရခဲ့သောကြောင့် ဆာကာသည် အာဆင်နယ်အသင်းသမိုင်းတွင် လုပ်ခလစာ အမြင့်ဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။ ML

## ကာဗာဂျယ်၏ ဒူးဒဏ်ရာမှာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်

**မက်ဒရစ် အောက်တိုဘာ ၂၈**



ရီးရဲလ်မက်ဒရစ် အသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမားကာဗာဂျယ် ဒူးဒဏ်ရာ ရရှိခဲ့ကာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ခံစစ်ကစားသမား ကာဗာဂျယ်သည် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် အသင်းအနေဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိချိန်တွင် ပွဲကစားချိန် ၇၂ မိနစ်မှ ဝင်ရောက်၍ ပွဲချိန်ပြည့် ပါဝင်ကစားခဲ့သော်လည်း ဒူးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လက်ရှိ ကာဗာဂျယ်၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဒဏ်ရာအခြေအနေမှာ ခွဲစိတ်ကုသမှုခံယူရမည် ဖြစ်သောကြောင့် ကာလရှည်အနားယူရမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဟု အသင်းဆေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ကာဗာဂျယ်သည် စက်တင်ဘာလက အေတီကိုအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ခြေသလုံးကြွက်သားဒဏ်ရာ ရရှိခဲ့ပြီး ဒဏ်ရာမှပြန်လည်ကောင်းမွန်ချိန် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာထပ်မံရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသောကြောင့် ယခုနှစ် ဘောလုံးရာသီကုန်တွင် ပြိုင်ပွဲစုံ ကိုးပွဲသာ ပါဝင်ကစားနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## ဂျူဗင်တပ်အသင်းက နည်းပြတူဒေါ၏နေရာတွင် စပယ်လက်တီနှင့် အစားထိုးရန်ဆုံးဖြတ်

**ရောမ အောက်တိုဘာ ၂၈**

ဂျူဗင်တပ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံ ရှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြတူဒေါကို ရာထူးမှထုတ်ပယ်ကာ နည်းပြ စပယ်လက်တီကို ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၆၆ နှစ်ရှိ နည်းပြ စပယ်လက်တီသည် ၂၀၂၃ ခုနှစ် နာပိုလီအသင်းကို တာဝန်ယူစဉ်က အသင်းကို စီးရီးအေချန်ပီယံဆု ဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အီတလီလက်ရွေးစင်အသင်းကို တာဝန်ယူခဲ့သူဖြစ်သည်။

အစောပိုင်းက နည်းပြတူဒေါနေရာတွင် နည်းပြ စပယ်လက်တီနှင့် နည်းပြမန်စီနီတို့ကို ခန့်အပ်ရန် လျာထားသော်လည်း အသင်းကစားသမားဟောင်း ဘက်ဖွန်က စပယ်လက်တီကို နည်းပြသစ်အဖြစ် ထောက်ခံခဲ့ခြင်းဖြစ်သည်။

အသင်းကစားသမားဟောင်း ဘက်ဖွန်က "စပယ်လက်တီဟာ အသင်းအတွက် မှန်ကန်တဲ့ရွေးချယ်မှုဖြစ်ပါတယ်။ သူ့ရဲ့စွမ်းဆောင်မှုကောင်းတွေကြောင့် အသင်းကြီးတွေက စိတ်ဝင်စားနေတာကိုတွေ့ရမှာပါ။ သူဟာ ဘောလုံးသမားကောင်း တစ်ယောက်ဖြစ်သလို နည်းပြကောင်း တစ်ယောက်လဲ ဖြစ်ပါတယ်။ စပယ်လက်တီကို ရွေးချယ်တာဟာ ပရော်ဖက်ရှင်ကျတဲ့ဆုံးဖြတ်ချက်ပါ"ဟု ပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်းသည် အမှတ်ပေးပွဲ ရှစ်ပွဲကစားအပြီးတွင် သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ကာ အမှတ်ပေးဇယား အဆင့်(၈)နေရာတွင် ရပ်တည်နေပြီး လာမည့်ပွဲစဉ်တွင် အူဒီးနီးစ်အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ရီးရဲလ်မက်ဒရစ်အသင်း အဓိကကွင်းလယ်ကစားသမား ဘယ်လင်ဟမ် ရိုင်းပျသည့်အပြုအမူကြောင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိ

**မက်ဒရစ် အောက်တိုဘာ ၂၈**

ရီးရဲလ်မက်ဒရစ်အသင်း အဓိကကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပြုလုပ်ခဲ့သည့် ရိုင်းပျသည့် အပြုအမူကြောင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည့် အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် ဘယ်လင်ဟမ်သည် အင်္ဂလန်အသင်းတွင်ကစားစဉ်က အတိုင်း ရိုင်းပျသည့်အပြုအမူဖြင့် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။



ဘယ်လင်ဟမ်သည် အင်္ဂလန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်အသင်းနှင့် ဆလိုဗက်ကီးယား ကလည်း အသင်းဖော်များကို စနောက်လိုသည့်အတွက် ပေါင်ကြားလက်နှိုက်ပြီး ရိုင်းပျသည့် အမူအရာဖြင့် အောင်ပွဲခံခဲ့သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ ဘယ်လင်ဟမ်သည် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင်လည်း အလားတူ ပြုလုပ်ခဲ့သည့်အတွက် စွဲချက်တင်ခံထားရပြီး အရေးယူမှုပါ ခံရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# IBF ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်အတွက် ဒိုနိုဗန်နှင့် ပါရို တို့ကို ထိုးသတ်ရန် IBF အဖွဲ့ချုပ် ညွှန်ကြား



အီဒင်ဘာ့ဂ် အောက်တိုဘာ ၂၈

IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်အတွက် အိုင်ယာလန်လက်ဝှေ့သမားဒိုနိုဗန်ကို ဩစတြေးလျလက်ဝှေ့သမား ပါရိုနှင့် ထိုးသတ်သွားရန် IBF အဖွဲ့ချုပ်က ယနေ့တွင် ညွှန်ကြားခဲ့သည်။

ဒိုနိုဗန်သည် IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် စက်တင်ဘာ ၁၃ ရက်၌ မြောက်အိုင်ယာလန် လက်ဝှေ့သမား ခရော့ကာနှင့် ထိုးသတ်ခဲ့ရာ Split Decision ဖြင့် ရှုံးနိမ့်ကာ ကမ္ဘာ့ချန်ပီယံခါးပတ်ဖြင့် လွဲချော်ခဲ့ရသော်လည်း ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ ဒိုနိုဗန်သည် ချန်ပီယံစိန်ခေါ်ခွင့်အတွက် ထိုးသတ်ခွင့် ရှိနေဆဲဖြစ်သောကြောင့် ပါရိုနှင့် ထိုးသတ်သွားရန် IBF က ညွှန်ကြားခဲ့ခြင်းလည်းဖြစ်ပြီး အဆိုပါညွှန်ကြားချက်အရ အောက်တိုဘာ ၃၀ ရက်တွင် ဆွေးနွေးမှုကို အပြီးသတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ရက်အတွင်း ဆွေးနွေးမှုမအောင်မြင်ပါက ဒိုနိုဗန်နှင့် ပါရိုတို့နှစ်ဦးစလုံး ကမ္ဘာ့အဆင့်သတ်မှတ်ချက် လျှော့ချခံရမည်ဖြစ်ကြောင်းလည်း သိရသည်။

ဒိုနိုဗန်က "IBF အဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ချန်ပီယံခါးပတ်အတွက် တစ်ကြိမ်ရှုံးနိမ့်ထားလို့ ချန်ပီယံစိန်ခေါ်ခွင့်နေရာအတွက် ထိုးသတ်ခွင့်မရတော့မဲ့အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကျွန်တော့်အနေနဲ့ အယူခံဝင်ခဲ့ရတယ်။ ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်နဲ့ပတ်သက်ပြီး ပြန်လည်စိစစ်ခဲ့ပြီးတဲ့နောက် ကျွန်တော့်ရဲ့ အယူခံကိုလက်ခံခဲ့ပြီးတော့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်ပေးခဲ့တဲ့ IBF အဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်။ မှားယွင်းနေတဲ့ အရာတစ်ခုကို မှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်တဲ့ ဆုံးဖြတ်ချက်ကိုလဲ လေးစားပါတယ်။ အောက်တိုဘာ ၃၀ ရက်မှာ ပါရိုနဲ့ ဆွေးနွေးမှုကို အပြီးသတ်ရမယ်။ ကျွန်တော့်ဘက်ကတော့ အဆင်သင့်ပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Irish Boxing

Trs : AZL

# Paris Rolex Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ရူဘလက်ဖ် တက်ရောက်

ပဲရစ် အောက်တိုဘာ ၂၈

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Rolex Masters တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်နှင့် ဗြိတိန်တင်းနစ်ကစားသမား ဂျာကော့ဘ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရူဘလက်ဖ်က (၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရူဘလက်ဖ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် အကြိတ်အနယ် ကစားခဲ့ရပြီး ရလဒ်ကောင်းဖြင့် ထပ်မံ အနိုင်ရရှိကာ ဒုတိယအဆင့်သို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရူဘလက်ဖ်နှင့် ဂျာကော့ဘ်တို့အကြား လက်ရည်ကွာဟချက်ရှိခဲ့သလို ရူဘလက်ဖ်အနေဖြင့် ဂျာကော့ဘ်ကို တစ်ဖက်သတ်ဖိအားပေးနိုင်ခဲ့သည်။

ဂျာကော့ဘ်သည် ပထမပွဲငယ်တွင် Double Faults အမှားများကျူးလွန်ခဲ့ခြင်း ကြောင့်လည်း ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရူဘလက်ဖ်က "ဒီပြိုင်ပွဲကျင်းပနေတဲ့ကစားကွင်းကြီးက ကွင်းသစ်ကြီးဖြစ်ပါတယ်။ ကွင်းသစ်ကြီးမှာ ပထမဆုံးကျင်းပတဲ့ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရလို့ ပျော်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွင်းသစ်မှာ အကောင်းဆုံး စွမ်းဆောင်ရည်ပြသနိုင်ခဲ့သလို ရလဒ်ကောင်းနဲ့ အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီပွဲစဉ်နဲ့ပတ်သက်ပြီး ကျွန်တော် မြင်သလောက်ပြောရရင် ဂျာကော့ဘ်ဟာ ပထမပွဲငယ်မှာ စပေးဘောတွေ အမှားများခဲ့ပြီးတော့ Double faults တွေ ကျူးလွန်ခဲ့တယ်။ ဒါကြောင့်မလို့ ကျွန်တော် ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာပါ။ ဒုတိယပွဲငယ်မှာတော့ ဂျာကော့ဘ်အနေနဲ့ အမှားတွေကို ပြင်ဆင်လာနိုင်တဲ့အတွက် အကြိတ်အနယ်ကစားခဲ့ရပါတယ်"ဟု ပြောကြားခဲ့သည်။

ရူဘလက်ဖ်သည် ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားလန်နာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL



# LIV Golf အဖွဲ့ချုပ်ဖြင့် စာချုပ်သက်တမ်းတိုးမည်ဖြစ်ကြောင်း ဒက်စတင်းဂျွန်ဆင် ထုတ်ပြန်

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန် နာမည်ကြီး ဂေါက်သီးရိုက် ကစားသမား ဒက်စတင်းဂျွန်ဆင်သည် PGA Tour မှ LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့ပြီးနောက် သုံးနှစ်အကြာတွင် PGA Tour ဖြင့် ပြန်လည်ပူးပေါင်းဖွယ်ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ဒက်စတင်းဂျွန်ဆင်က LIV Golf အဖွဲ့ချုပ်ဖြင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒက်စတင်းဂျွန်ဆင်သည် PGA Tour တွင် အောင်မြင်မှုများစွာ ရရှိခဲ့သူဖြစ်သော်လည်း LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ပါဝင်ခွင့်မရတော့ဘဲ ဂေါက်သီးရိုက်လောက၏ အထင်ကရပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရတော့သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

LIV Golf အဖွဲ့ချုပ်တွင် ယှဉ်ပြိုင်နေသော ပြိုင်ပွဲဝင်တချို့သည် LIV Golf အဖွဲ့ချုပ်တွင် ကစားနေသည့်အတွက် ကမ္ဘာ့အဆင့် သတ်မှတ်ခြင်း မခံရတော့သလို ဂေါက်သီးရိုက်လောက၏ ဂုဏ်သိက္ခာကြီးသော ပြိုင်ပွဲများဖြင့်လည်း လွဲချော်ခဲ့ရသောကြောင့် PGA Tour ဖြင့် ပြန်လည်ပူးပေါင်းရန် ပြင်ဆင်လာကြသည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့သော ဒက်စတင်းဂျွန်ဆင်သည် ဂေါက်သီးရိုက်လောက၏ဂုဏ်သိက္ခာရှိသော ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသော်လည်း LIV Golf အဖွဲ့ချုပ်ဖြင့် ချုပ်ဆိုထားသော စာချုပ်အရ သုံးနှစ်ကာလအတွင်း စာချုပ်ကြေး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ထိ ခံစားခွင့်ရရှိခဲ့သည်။

ဒက်စတင်းဂျွန်ဆင်က LIV Golf အဖွဲ့ချုပ်ဖြင့် စာချုပ်သက်တမ်း တိုးမြှင့်သွားဖွယ် ရှိနေကြောင်းကို Deadspin သတင်းဌာနက "ဒက်စတင်းဂျွန်ဆင်နဲ့ နီးစပ်တဲ့သတင်းရင်းအမြစ်တွေအရ PGA Tour ကိုပြောင်းရွှေ့ဖွယ်ရှိနေတယ်ဆိုပြီး သတင်းထွက်နေတဲ့ ဒက်စတင်းဂျွန်ဆင်ဟာ မကြာခင်မှာ LIV Golf အဖွဲ့ချုပ်နဲ့ စာချုပ်သက်တမ်းတိုးသွားမယ်လို့သိရပါတယ်။ ဘယ်နှစ်နှစ်သက်တမ်းရှိတဲ့စာချုပ်ကို ချုပ်ဆိုမလဲဆိုတာတော့ အသေးစိတ် မသိရသေးပါဘူး။ ဒက်စတင်းဂျွန်ဆင်ဟာ မကြာခင်မှာ LIV Golf အဖွဲ့ချုပ်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံမယ်လို့ သိရပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

# ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် တိုက်စစ်ကစားသမား လီဝမ်ဒေါ့စကီး လာမည့် အယ်ချီအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်

ဘာစီလိုနာ အောက်တိုဘာ ၂၈

တံကောက်ကြောဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် ဘာစီလိုနာအသင်း အဓိက တိုက်စစ်ကစားသမား လီဝမ်ဒေါ့စကီးသည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် လေ့ကျင့်ခန်းဆင်းနိုင်ပြီဖြစ်သည့်အတွက် လာမည့်အယ်ချီအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



လီဝမ်ဒေါ့စကီးသည် နိုင်ငံတကာပွဲစဉ်များအတွက် ပိုလန်အသင်းနှင့် သွားရောက်ပူးပေါင်းခဲ့စဉ် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီးနောက်အနားယူနေခဲ့ရသူဖြစ်သည်။ လီဝမ်ဒေါ့စကီးသည် ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့်အတွက် အယ်ကလက်စီကိုပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ပွဲစဉ်အချို့ကို လွဲချော်ခဲ့ရခြင်းဖြစ်သည်။

သို့သော် ယခုအခါ လီဝမ်ဒေါ့စကီးသည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သောကြောင့် အသင်းလိုက်လေ့ကျင့်ခန်း အပြည့်အဝပြန်လည်ဆင်းနိုင်ပြီ ဖြစ်သောကြောင့် လာမည့်တနင်္ဂနွေနေ့တွင် ကစားမည့် အယ်ချီအသင်းနှင့် ပွဲစဉ်တွင် ပြန်လည် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပေါင်ကြွက်သားဒဏ်ရာပြင်းထန်ခဲ့သည့် နာပိုလီအသင်း အဓိကကွင်းလယ်ကစားသမား ဒီဘရိုင်း ကာလရှည်အနားယူရမည်

ရောမ အောက်တိုဘာ ၂၈

နာပိုလီအသင်း အဓိကကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် ဒီဘရိုင်းသည် အင်တာမီလန်အသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ပေါင်ကြွက်သား ဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အီတလီစီးရီးအေ ပွဲစဉ်အဖြစ် ကစားခဲ့သည့် နာပိုလီအသင်းက အင်တာမီလန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်၏ ပွဲချိန် ၃၃ မိနစ်တွင် ပင်နယ်တီကန်သွင်းခဲ့ရာမှတစ်ဆင့် ပေါင်ကြွက်သားဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဒီဘရိုင်းသည် ပင်နယ်တီ ကန်သွင်းစဉ်ကတည်းက ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့ပြီးနောက် ဆက်လက်ကစားခဲ့သော်လည်း မိနစ်အနည်းငယ်အကြာတွင် ဆက်လက်ကစားနိုင်ခြင်းမရှိတော့သည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ထို့နောက် အသေးစိတ်ဆေးစစ်မှုများလုပ်ဆောင်ခဲ့ရာတွင် ဒဏ်ရာမှာ ပြင်းထန်နေသည့်အတွက် ကြွခိုင်မှ ပြန်လည်ပြုပြင်ရန် လနှင့်ချီစောင့်ဆိုင်းရမည်ဖြစ်သောကြောင့် ယခုနှစ်ကုန်ပိုင်းထိ အနားယူရမည်ဖြစ်သည်။

ဒီဘရိုင်းသည် နာပိုလီအသင်းအတွက် ရှစ်ပွဲကစားပြီး လေးဂိုးသွင်းယူထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ထက်ဝေအောင်(စစ်ကိုင်း)

**❖ နိုင်ငံတစ်ဝန်းတွင် ဒေသထွက်ကုန်စည်အမျိုးမျိုး ထွက်ရှိပေသည်။ အဆိုပါ ဒေသထွက်ကုန်ပစ္စည်းများတွင် လိုအပ်သည့်ကုန်ကြမ်းများရှာဖွေခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ဝယ်လိုအား၊ ရောင်းလိုအားကို အခြေပြုဆောင်ရွက်ကြလေ့ရှိသည်။ စားသုံးသူနှစ်ခြိုက်သည့် ကုန်ပစ္စည်းသည် နာမည်ရထင်ရှားသည်။ နာမည်ရှိသည့် အမှတ်တံဆိပ်နောက်တွင်လည်း ပုံစံတူအတုအပ သတိပြုစရာ အခြေအနေများ ပေါ်ပေါက်လေ့ရှိသည်။ ကုန်အမှတ်တံဆိပ်တစ်ခုသည် ကုန်ပစ္စည်းထုတ်လုပ်မှုကို ကိုယ်စားပြုသည်။ ❖**

နိုင်ငံတစ်နိုင်ငံ အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးဦးတည်ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို ခိုင်မာအောင်တည်ဆောက်ရလေ့ရှိသည်။ စီးပွားရေးလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အစာအာဟာရဖြစ်သည်။ လူတိုင်း နေ့စဉ် အစာအာဟာရ မှီဝဲကြသည်။ အစားအသောက်ဈေးကွက်သည် ကျယ်ဝန်းသည်။ မုန့်ပဲသရေစာကအစ ဆန်၊ ဂျုံ၊ ပြောင်း၊ ပဲတို့ဖြင့် ပြုလုပ်ထားသည့် တီထွင်ဆန်းသစ်သည့် မုန့်မျိုးစုံထိ တိုးချဲ့ထုတ်လုပ်ကြသည်။ ဆန်မှဖြစ်သော ထမင်းကို နေ့တိုင်းစားကြသကဲ့သို့ ဂျုံမှဖြစ်သော ခေါက်ဆွဲကိုလည်း နေရာအတော်များများတွင် နှစ်ခြိုက်စွာ သုံးဆောင်ကြသည်။ နေ့စဉ်နှင့်အမျှ လိုအပ်ချက်ရှိနေသည့် အစာအာဟာရဖူလုံရေး နယ်ပယ်သည် တစ်စထက်တစ်စ ကျယ်ဝန်းလာပြီး ယခင်ထက်ပိုမိုထုတ်လုပ်ရေး၊ စနစ်တကျထုပ်ပိုးရေး၊ ကောင်းမွန်သော စိုက်ပျိုးမွေးမြူရေး ကျင့်စဉ်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများကို အာရုံထားဆောင်ရွက်လာခြင်းဖြစ်သည်။

နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနယ်ပယ် လမ်းညွှန်မှုအနေဖြင့် စီးပွားရေးအရ တောင်သူများတွက်ခြေကိုက်စေရန် ပန်းတိုင်အထွက်နှုန်းရရှိစေရေး တိုက်တွန်းဆောင်ရွက်ခြင်း၊ စပါး အပါအဝင် အခြားသီးနှံများ၏ စိုက်ကေများ၊ အထွက်နှုန်းများ မှန်ကန်စေရေး စနစ်တကျ စိစစ်ဆောင်ရွက်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ စပါး၊ အခြားသီးနှံများ ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး တိုက်ရိုက်အစေ့ချကိရိယာဖြင့် အသုံးပြုစိုက်ပျိုးခြင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာကို အလေးထားစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ဆည်များ၊ ချောင်းများ၊ မြောင်းများ၊ တမံများ ဆောင်ရွက်ခြင်း၊ ဒေသဆန်ဖူလုံရေးအတွက် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်း၊ ရေနက်ကွင်း ဧရိယာများတည်ရှိသည့် ဒေသများတွင် စပါးစိုက်ခြင်းထက် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသားငါးဖူလုံစေရန် ကြက်၊ ဝက် မွေးမြူရေးကို အလေးထားဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံသည် ဆန်၊ စပါးကို အခြေခံစားသောက်ကုန်အဖြစ် သတ်မှတ်ထားသဖြင့် နိုင်ငံ၏ နေရာအနှံ့အပြားတွင် စပါးကိုစိုက်ပျိုးခဲ့ကြသည်။ နွေစပါး၊ မိုးစပါး အချိန်မီစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် အထွက်ကောင်းမွန်ရေး အလေးထားဆောင်ရွက်ခဲ့သည်။ တစ်ဖက်တွင်လည်း မျိုးစပါးကောင်းမွန်မှု၊ ရေမြေအနေအထား ကောင်းမွန်မှု၊ ပိုးမွှားဒဏ်ခံနိုင်မှု အစရှိသည့် ကဏ္ဍများကိုပါ ထည့်သွင်းစဉ်းစားပြီး အထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စပါးစိုက်ပျိုးသည့် လယ်မြေများ၏ မြေအရည်အသွေးမနိမ့်ကျစေရေး စိုက်ပျိုးရေးပညာရှင်များ၏ နည်းပညာအကူအညီ၊ သုတေသနပြုဆန်းစစ်ချက်များဖြင့် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လယ်ယာမြေ ပေါကြွယ်ဝမှုအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးရေးထွက်ကုန်များကို အခြေပြု၍ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည်ထိ ဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် ငွေကြေးလည်ပတ်စီးဆင်းမှု အားကောင်းစေသကဲ့သို့ ကုန်ထုတ်လုပ်မှုနှင့် လူမှုဘဝများ အဆင်ပြေချောမွေ့စေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမှသာ နိုင်ငံဂုဏ်သိက္ခာ ဝင့်ထည်နိုင်မည်ဖြစ်သည်။ ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ သုံးစွဲခြင်းဖြင့် နိုင်ငံခြားကုန်စည်တင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲခြင်းကို တားဆီးနိုင်သည်။ ပြည်ပသွင်းကုန်အစား ပြည်ပပို့ကုန်အဖြစ်ပြောင်းလဲ၍ နိုင်ငံ၏စီးပွားရေးအဆင့် အတန်းမြင့်တင်သွားရပေမည်။ နိုင်ငံခြားဝင်ငွေစီးဆင်းမှု အားကောင်းခြင်းမှတစ်ဆင့် နိုင်ငံအတွက်လိုအပ်သည့် ကဏ္ဍအသီးသီးကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်လျက် စိတ်ဓာတ်၊ အတွေးအခေါ်မြင့်မားအောင် ဆောင်ရွက်နိုင်ပေသည်။ ဦးနှောက်ကြီးသူ၊ လုပ်ဆောင်နိုင်စွမ်းရှိသူက တစ်ကွက်ပိုသာသည် ဆိုစကားအတိုင်းစီးပွားရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ စွန့်ဦးတီထွင်သူများ တစ်ပန်းသာ အောင်မြင်ကြသည်။ ထိရောက်သောစီးပွားရေးလုပ်ကိုင်မှုပုံစံများချမှတ်၍ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံကို တည်ဆောက်နိုင်ပေသည်။ စီးပွားရေးလုပ်ငန်းသည် နိုင်ငံ၏ ပုံရိပ်သဖွယ်ဖြစ်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်အတွင်းရှိ မှီတင်းနေထိုင်သူအားလုံး အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများကို အားပေးကူညီဖော် ဆောင်ကြရမည်ဖြစ်သည်။ ကျေးလက်ဒေသများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသကဲ့သို့ စတိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ သစ်သီးဆိုင်၊ ပန်းဆိုင်များကဲ့သို့ လုပ်ငန်းများစွာလည်း လုပ်ကိုင် ဆောင်ရွက်ကြသည်။ အဆိုပါလုပ်ငန်းငယ်များသည် ပြည်တွင်းဈေးကွက်တစ်ခုဖန်တီး၍ ကုန်ပစ္စည်းရောင်းချခြင်းဆိုင်ရာဝန်ဆောင်မှုပေးခြင်းဖြင့် ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို အပြန်အလှန် အထောက်အကူပြုသည်။

စွန့်ဦးလုပ်ငန်းရှင်တစ်ဦးသည် နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပြီး လုပ်ငန်း၏အားသာချက်နှင့် လုပ်ငန်းလည်ပတ်မှု အခြေအနေ၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ထည့်သွင်းစဉ်းစားရလေ့ရှိသည်။ ထို့အတူ ဈေးကွက်အပေါ်နားလည်ခြင်း၊ စီးပွားရေးဝန်းကျင်ကို လေ့လာသုံးသပ်ခြင်းဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားကို အကဲခတ်နိုင်စေမည်ဖြစ်သည်။ ဈေးကွက်အခြေအနေသည် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများ သိရှိရမည့်စနစ်တစ်ခုဖြစ်သည်။ ဈေးကွက်အတွင်းရှိ ကုန်စည်၊ဝန်ဆောင်မှု၊ ဈေးနှုန်းပမာဏတို့သည် လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူများအတွက် ရင်ဆိုင်ကြရမည့်ယှဉ်ပြိုင်မှုအသွင်အပြင်ဖြစ်သည်။ ကုန်ဈေးနှုန်းမြင့်တက်ခြင်းသည် ကုန်ထုတ်လုပ်မှုစရိတ် မြင့်တက်မှု၊ သယ်ယူပို့ဆောင်မှုစရိတ်မြင့်မားမှုတို့ကြောင့်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်မှုတွင် လုပ်သားအရင်းအနှီး၊ လျှပ်စစ်အရင်းအနှီး၊ စက်ပစ္စည်းကိရိယာပြင်ဆင်ထိန်းသိမ်းမှု အရင်းအနှီး များစွာပါဝင်နိုင်သည်။ သယ်ယူပို့ဆောင်မှုစရိတ် မြင့်မားမှုတွင် စက်သုံးဆီဈေးနှုန်းသည် ကုန်ပစ္စည်းစီးဆင်းမှု၏ အဓိကရေသောက်မြစ်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုအသီးသီးသည် စားသုံးသူများ၏ လိုအပ်ချက်၊ သုံးစွဲသူများ၏ အသုံးပြုမှုအပေါ်မူတည်ရပ်တည်သည်။ အပြန်အလှန်အားဖြင့် ဆက်သွယ်မှုရှိသဖြင့် ဈေးကွက်၏ တောင်းဆိုမှုအလိုက်ဖြည့်စွမ်းနိုင်သည့် အစီအမံများ ချမှတ်ရန်လိုသည်။ စားသုံးသူသည် စဉ်ဆက်မပြတ် တည်ရှိနေမည့်ဖြစ်တည်မှုဖြစ်သည်။ စီးပွားရေးကို ဗဟိုပြုလုပ်ဆောင်သူများသည် စားသုံးသူတိုင်းအတွက် လိုအပ်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အရည်အသွေးနှင့် ဈေးနှုန်းသည်ဆက်စပ်မှုရှိသည်။ အရည်အသွေးနိမ့်သောပစ္စည်းများကို လူတိုင်းနှစ်သက်လေ့မရှိကြပေ။ သုံးစွဲသူနှစ်သက်သည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ အသုံးပြုမှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများသည် ကုန်စည်စီးဆင်းမှုအတွက် သိမ်မွေ့သောဖြစ်စဉ်များ ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ဒေသထွက်ကုန်စည်အမျိုးမျိုး ထွက်ရှိပေသည်။ အဆိုပါ ဒေသထွက်ကုန်ပစ္စည်းများတွင် လိုအပ်သည့်ကုန်ကြမ်းများရှာဖွေခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ဝယ်လိုအား၊ ရောင်းလိုအားကို အခြေပြုဆောင်ရွက်ကြလေ့ရှိသည်။ စားသုံးသူနှစ်ခြိုက်သည့် ကုန်ပစ္စည်းသည် နာမည်ရထင်ရှားသည်။ နာမည်ရှိသည့် အမှတ်တံဆိပ်နောက်တွင်လည်း ပုံစံတူအတုအပ သတိပြုစရာ အခြေအနေများ ပေါ်ပေါက်လေ့ရှိသည်။ ကုန်အမှတ်တံဆိပ်တစ်ခုသည် ကုန်ပစ္စည်းထုတ်လုပ်မှုကို ကိုယ်စားပြုသည်။ အရည်အသွေးညံ့လျှင် ကုန်အမှတ်တံဆိပ်ကိုထိခိုက်နိုင်ပြီး စားသုံးသူများကြား ဝယ်လိုအား ကျဆင်းသွားစေနိုင်သည်။ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME)စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ဈေးကွက်အတွင်း ရေရှည်ရပ်တည်နေနိုင်သည့် စွမ်းဆောင်ချက်ရှိရန်လိုအပ်ပြီး လုပ်ငန်းအပေါ် စီမံခန့်ခွဲနိုင်စွမ်းအားကို ပြသရန်ဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများ တစ်ခုချင်းမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဝယ်လိုအား၊ ရောင်းလိုအားကို ကိုယ်စားပြုသည့် ကုန်စည်အရေအတွက်နှင့် အရည်အသွေးကို အာမခံရရှိစေနိုင်မည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်းသည် တိုးတက်မှုကိုဖြစ်စေသည်။ လုပ်ငန်းတိုင်းသည် မှန်ကန်သောလုပ်ဆောင်ချက်၊ ခိုင်မာသော ယုံကြည်ချက်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေး စားသုံးသူနှင့်ထိတွေ့ဆက်ဆံခြင်းသည် ဈေးကွက်အတွင်းရှိ ကုန်စည်အရည်အသွေးကို စုံစမ်းလေ့လာနိုင်သည်။ မိမိတို့၏ပြိုင်ဘက်များနှင့် တွေ့ဆုံနိုင်သည်။ အလားတူ မိမိ၏လုပ်ငန်း၊ ကုန်အမှတ်တံဆိပ်ကို အောင်မြင်အောင် လုပ်ဆောင်နိုင်သည်။ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာ ဈေးကွက်ရှာဖွေသည့် လုပ်ငန်းများသည် မိမိကုန်ပစ္စည်းကို အာမခံခြင်းဖြစ်သည်။

အနှစ်ချုပ်ပါလျှင် လုပ်ငန်းတိုင်းတွင် မဟာဗျူဟာ၊ နည်းဗျူဟာ လုပ်ငန်းအစီအစဉ်ရှိသည်။ မတူညီသော လုပ်ငန်းအစီအစဉ်၊ မတူညီသော လုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းတစ်ခု ရေရှည်တည်တံ့ရေး ရှုထောင့်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရလေ့ရှိသည်။ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ကိုဖန်တီးပေးစွမ်းနိုင်သည်။ လုပ်ငန်းတစ်ခုသည် ဈေးကွက်နှင့် ပတ်ဝန်းကျင်ကောင်းပေါ်တွင် တည်မှီနေခြင်းကြောင့် ခိုင်မာသောဈေးကွက်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းမှတစ်ဆင့် စီးပွားရေးသမားတစ်ယောက် ဖြစ်လာနိုင်သည်။ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများမှ ပြည်တွင်း၊ ပြည်ပအသုံးချနိုင်သည့် အရည်အသွေးမြင့် ထုတ်ကုန်များထုတ်လုပ်လျက် နိုင်ငံတော်၏အကျိုးစီးပွား၊ လူမှုစီးပွားဘဝတိုးတက်ရေးကို ဖြည့်စွမ်းနိုင်ခြင်းကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ အောင်မြင်မှုရရှိအောင် အားပေးလျက် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်အတိုင်း ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ညမွှေးပန်းကလေးရဲ့ ကျောက်ပုစွန်ရုပ်ရှင်ဇာတ်ကား ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ကျင်းပမည့် FLY Film Festival 2025 ရုပ်ရှင်ပွဲတော်၏အဖွင့်ရုပ်ရှင်အဖြစ် ပြသခွင့်ရရှိ




**ရန်ကုန် အောက်တိုဘာ ၂၈**

Ever Top Production က ရိုက်ကူးထုတ်လုပ်သည့် ညမွှေးပန်းကလေးရဲ့ကျောက်ပုစွန်ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၃ ရက်တွင် ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပမည့် FLY Film Festival 2025 ရုပ်ရှင်ပွဲတော်၏ အဖွင့်ရုပ်ရှင်အဖြစ် ပြသခွင့်ရရှိထားကြောင်း အဆိုပါ ညမွှေးပန်းကလေးရဲ့ ကျောက်ပုစွန် ရုပ်ရှင်ဇာတ်ကားကို ထုတ်လုပ်သူ သရုပ်ဆောင် စည်ဖြိုးထံမှ သိရသည်။

အဆိုပါ ညမွှေးပန်းကလေးရဲ့ ကျောက်ပုစွန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ပြည့်ဇော်ဖြိုးက ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဇော်ဖြိုးကပင် Ever Top Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်နဲ့အတူ ကျွန်တော့်လိုပဲ ရုပ်ရှင်ကိုရူးသွပ်တဲ့ လူငယ်တစ်စုက အားလုံးတက်ညီလက်ညီနဲ့ပူးပေါင်းပြီး ဖန်တီးပုံဖော်ခဲ့ကြတာ အချိန်တစ်နှစ်ခွဲကျော်ကြာခဲ့ပြီဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ဗန်ကောက်နဲ့ ပတ္တရားမှာ အကောင်းဆုံး ပုံဖော်ရိုက်ကူးထားတဲ့ ချစ်စရာရှိမန့်ဇာတ်လမ်းလေးပါ။ ဇာတ်ဝင်တေးသီချင်းတွေကို ခုနစ်ပုဒ်လောက်သုံးထားပါတယ်။ ညမွှေးပန်းကလေးရဲ့ကျောက်ပုစွန်ရုပ်ရှင်ဟာ ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှာ ကျင်းပမဲ့ FLY Film Festival 2025 ရဲ့ အဖွင့်ရုပ်ရှင်အနေနဲ့ ရုပ်ရှင်ပွဲတော်မှာ Special Screening အဖြစ် ပြသသွားမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် စည်ဖြိုးက ပြောပြသည်။

ညမွှေးပန်းကလေးရဲ့ကျောက်ပုစွန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ဟင်နရီစံ၊ ဘုံဘုံ၊ မင်းဦး၊ စည်ဖြိုး၊ ပန်းရောင်ခြယ်၊ လင်းဇာနည်ဇော်၊ ချိုပြုံး၊ ခင်လှမ်းနှင့်အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# ယူနီဗာဆယ်၏ Miami Vice ဇာတ်ကား၌ မင်းသား အော်စတင်ဘတ္တလာ ပါဝင်နိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၈**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Miami Vice ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား အော်စတင်ဘတ္တလာ ပါဝင် သရုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Miami Vice ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် အော်စတင်ဘတ္တလာနှင့် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီတို့ကြား ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

အပြီးသတ်သဘောတူစာချုပ်ရရှိခဲ့ပါက အော်စတင်ဘတ္တလာ အနေဖြင့် Miami Vice ဇာတ်ကား၌ မင်းသား မိုက်ကယ်ဘီကျော်ဒန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Miami Vice ဇာတ်ကား၌ အင်န်ဘီစီရုပ်သံဌာန၏ Miami Vice စုံထောက်ရုပ်သံဇာတ်လမ်းတွဲကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Miami Vice ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဂျီရှိုင်းက ရေးသားပေးထားကြောင်း သိရသည်။

Miami Vice ဇာတ်ကားကို ၂၀၂၆ ခုနှစ် နှစ်ကုန်တွင် စတင်ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# Verden Production က ရိုက်ကူးထုတ်လုပ်မည့် အိမ်နံပါတ် က/၉ ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၈**

Verden Production က ရိုက်ကူးထုတ်လုပ်မည့် အိမ်နံပါတ် က/၉ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ အိမ်နံပါတ် က/၉ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ မင်းစနေထံမှ သိရသည်။

အဆိုပါ အိမ်နံပါတ် က/၉ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မင်းယုနှင့် မေသူထွန်းတို့က ရေးသားထားကာ မေသူထွန်းက ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ မင်းစနေက Verden Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီဇာတ်ကားမှာ သရုပ်ဆောင်တွေကိုလဲ အများကြီးသုံးထားပါတယ်။ သရုပ်ဆောင်တွေ အကုန်လုံးက တစ်ယောက်ဆီမှာ လုပ်ကွက်လေးတွေရမဲ့ ဇာတ်ပါ။ အားလုံးက သူ့နေရာနဲ့သူ မပါမဖြစ်ပါဝင်ရမဲ့ ဇာတ်ကောင်တွေအနေနဲ့ ပါဝင်ထားပါတယ်။ ထိတ်လန့်ချောက်ချားစရာ သရဲကားပါ။ သရဲကားကိုမှ ကြောက်ရမဲ့အခန်းတွေများမယ်။ ကြည့်ရတဲ့သူတွေ အသက်ရှူကျပ်တဲ့ထိ ဖန်တီးထားပါတယ်"ဟု ဒါရိုက်တာ မင်းစနေက ပြောပြသည်။

အိမ်နံပါတ် က/၉ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေထွဋ်၊ နက္ခတ်၊ ဇော်ရှိုင်းထက်၊ မင်းသူ၊ မေသူထွန်း၊ နှင်းဟန်နှာ၊ မိုးကောင်းကင်နှင့် အနုပညာရှင်များစွာ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Bad Day ဟာသအက်ရှင်ဇာတ်ကား၌ မင်းသား သုံးဦး ထပ်မံပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၈**

Bad Day အမည်ရှိ ဟာသအက်ရှင်ဇာတ်ကား၌ မင်းသား ဆစ်ရစ်ချက်ဆန်၊ ဘင်ရှဝါနှင့် ရော့ကော်ဒရိုင်းတို့ ပါဝင်လာကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Bad Day ဇာတ်ကားတွင် အထက်ပါ မင်းသား သုံးဦးတို့အနေဖြင့် မင်းသမီး ကင်မရွန်းဒီအက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


Bad Day ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ဆိုင်မင်စကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို နယူးဂျာစီပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Bad Day ဇာတ်ကားသည် ဘဝတစ်လျှောက် အဆိုးရွားဆုံးနေ့တွင် သမီးဖြစ်သူအပေါ် ထားရှိသည့် ကတိတစ်ခုကို ထိန်းနိုင်ရန် ကြိုးပမ်းခဲ့ရသည့် အမျိုးသမီးတစ်ဦး၏ အဖြစ်ကိုဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသအက်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Bad Day ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လော်ရာဆိုလွန်က တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO







# တေးသံရှင် ရွှေထူး၏ Halloween တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

တေးသံရှင် ရွှေထူး၏ Halloween တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ အောက်တိုဘာ ၃၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ရွှေထူးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ရွှေထူး၏ Halloween တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် Transporter Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည် ဖြစ်သည့်အပြင် Transporter Music Band ၏ ပင်တိုင်တေးသံရှင်များကလည်း အားဖြည့်ကူညီ သီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"Transporter Bar မှာ လာမဲ့ အောက်တိုဘာ ၃၁ ရက် သောကြာနေ့ညမှာရှိနေပါမယ်။ ကျွန်တော့်ရဲ့ သီဆိုမှုတွေအပြင် Transporter ရဲ့ စင်မြင့်ထက်မှာ Transporter Music Band နဲ့ ပင်တိုင် Vocals တွေကလဲ အကောင်းဆုံး တီးခတ်သီဆိုသွားမှာ ဖြစ်ပါတယ်။ ဝါသနာရှင်တွေအတွက် DJ Artists တွေက အကြမ်းဆုံး Beats တွေနဲ့ စောင့်နေပြီဆိုတော့ အပြတ်လန်းမဲ့ Halloween ညကို ကြွခဲ့ဖို့မမေ့ပါနဲ့"ဟု တေးသံရှင် ရွှေထူးက ပြောပြသည်။

တေးသံရှင် ရွှေထူး၏ Halloween အမည်ရှိ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် အောက်တိုဘာ ၃၁ ရက် ည ၇ နာရီတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ရွှေထူးက ပြောပြ၍ သိရသည်။

ASH

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing holds a meeting with Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states



Senior General Min Aung Hlaing delivers an address at the meeting.

**Nay Pyi Taw October 28**

A coordination meeting took place between Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states in Nay Pyi Taw this afternoon.

Also present at the meeting were Commission member Prime Minister U Nyo Saw, Union ministers, the Nay Pyi Taw Council Chairman, region and state chief ministers and officials.

**Each attendee discusses undertakings for economic development of the State**

First, Union ministers reported on achieving the target production of crops in relevant regions, yearwise comparison for sown acreage and per-acre yield, possibilities for per-acre yield of paddy and long staple cotton, thriving of Robusta coffee and expanded cultivation, regionwise livestock breeding tasks, sufficiency of meat, fish and eggs depending on population, digging fish farms in the wetlands and reclamation of croplands to manage crops plus fish farming process, recommendations for development of agriculture and livestock tasks, needs to distribution of agricultural inputs to local farmers in order to achieve the target production in regions and states with raising the farmers awareness effectively, systematic exploration of oil and natural gas resources in regions and states for the interests of the State and the people, permitting the local and foreign investments in 2025-26 financial year, and creation of employment opportunities.

The Commission member and Prime Minister clarified eradicating the illegal trade with momentum, seized volumes, needs to take severe action against offenders for the illegal trade in regions and states under the law, allowing the ordinary capital expenditure for implementation of projects, assessments over the progress of projects, and supervision for the work process to be completed on schedules.

Region and state chief ministers reported on repairing of the damaged buildings caused by the earthquake, progress of works, efforts for development of agriculture and livestock industries as well as micro, small and medium-sized enterprises (MSME), and initiatives for holding a free and fair multiparty democratic general election successfully.

**Efficient and correct use of the finance**

Regarding the use of public funds, the Senior General said that Regions and States need to ensure that the financial resources approved by the Government are utilized effectively. If expenditures are made in accordance with each sector's operations, the circulation of working capital will increase, contributing to national economic growth. Through the implementation of various projects, the incomes of grassroots people will rise, resulting in higher spending on food, clothing, and other necessities, thereby improving social and economic conditions. In addition, greater financial circulation will enhance both supply and demand power, which in turn will support the further development of basic infrastructure. Therefore, it is essential that public funds be used correctly and effectively.

Moreover, it is necessary to implement the quick win projects which will benefit the State and he people in a sort time.

**Successful holding of the election**

Regarding the elections, it was stated that due to widespread electoral fraud committed through various means during the 2020 multiparty democratic general election, the government had to assume responsibility of the State. Therefore, to ensure that no electoral fraud occurs in the upcoming election, the Myanmar Electronic Voting Machine (MEVM) will be used. The MEVM system does not allow any form of vote manipulation, and the integrity of the voter lists is essential to ensure a free, fair, and credible election. Hence, Union ministries and Chief Ministers of Regions and States must place emphasis on ensuring the accuracy of voter lists and preventing any irregularities or fraudulent activities. Starting from today, the election campaign period will begin, and political parties will commence their campaign activities. It was also emphasized that efforts must be made to successfully hold the election and bring about the emergence of a stable government.

**Promotion of the State economy and turning out good human resources**

Regarding national development, it was stated that efforts must be made to boost the country's economy. More than half of the national population is engaged in agriculture-based economic activities. Therefore, emphasis is being placed on MSME enterprises that are based on the agriculture and livestock sectors. It was noted that MSMEs, as well as large-scale industries, can operate using industrial raw materials derived from agricultural activities. For instance, heavy industries such as tyre manufacturing can be developed from rubber cultivation, and textile industries such as yarn and fabric production can originate from cotton cultivation. Hence, priority must be given to promoting agriculture-based manufacturing industries. The development of agricultural and livestock-based industries contributes directly to the improvement of the national economy. Only by enhancing the rural economy can the national economy achieve steady growth. The country possesses a strong foundation for successful agricultural and livestock production. Therefore, efforts must be made to ensure that rice and other crops produced domestically meet quality standards and production targets. Once domestic needs are fulfilled and export capacity is achieved, it will further contribute to the nation's overall economic development.

Although we are promoting the cultivation of oil-producing crops due to the domestic demand for cooking oil, we still need to import edible oils from abroad. While we have oil-producing crops like sesame and groundnut, traditional consumption habits and export demands mean there is still a shortfall in meeting domestic oil sufficiency. Cultivating sunflowers will, on one hand, help support domestic oil sufficiency and reduce oil imports, which will be highly beneficial for the country.

In the agricultural sector, coffee is a perennial crop. The Arabica coffee produced in our country has already gained a good reputation and market worldwide. Robusta coffee (lowland coffee) can also be cultivated throughout the nation. Regarding coffee cultivation, it can be grown as a crop that generates long-term income. Garden crops like black pepper can also be cultivated. It is necessary to provide farmers with the required knowledge and guidance. Regions and States also need to study how to effectively utilize the resources they possess for maximum benefit. To be able to implement projects beneficial for the State and the region, we must work from multiple perspectives.

For the country's economic development, quality human resources are needed in business operations. In our country, about 46 percent of the population above 25 years of age are educationally disadvantaged; therefore, it is imperative to prioritize and promote education. Only with a stronger education system can we obtain quality human resources. Furthermore, there are many students in our country who have taken the matriculation exam but were not successful. From the period we took responsibility in 2021 until now,

See Page 14

# Chairman of the Financial Commission Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing addresses Financial Commission meeting

## Materialize activities that benefit people by effectively and wisely using the approved funds within the fixed period



Senior General Min Aung Hlaing addresses Financial Commission meeting.

**Nay Pyi Taw October 28**

The Financial Commission held a meeting in Nay Pyi Taw this morning, addressed by Chairman of the Commission Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing.

Also present were Commission Vice Chairman SSPC member Prime Minister U Nyo Saw, union ministers, the union auditor-general, the Nay Pyi Taw Council chair, region/state chief ministers, and officials.

In his keynote address, the Senior General said at this meeting the Financial Commission will have to approve the supplemental budget requests of the Union and regions and states for fiscal year 2025-2026. After the completion of the approval process, the submission of supplemental budget appropriation bill for FY 2025-2026 of the Union to the National Defence and Security Council for approval through the government will follow.

The approval for supplemental budget appropriation will be mainly centred on restoration of buildings such as offices, schools, hospitals destroyed by the Mandalay earthquake and rehabilitation activities, and national development and public welfare activities that cover infrastructure including roads, bridges, schools and hospitals. In facilitating the work of restoring and rehabilitating the infrastructure damaged by earthquake for its earliest completion, the time supplemental fund will be received and the volume of work must be taken into account.

Of the appropriated budget for union level organizations and union ministries to restore or rebuild quake-damaged infrastructure of the State for FY 2025-2026, the amount of Ks 2069.336 billion returned to general revenue fund (GRF) were already transferred to the National Disaster Management Fund. In order to implement the objects adopted by the government in office, union level organizations and union ministries and region/state governments must set up sector-wised and area-wised priority programs and must systematically use the funds.

In accord with the slogan of NDSC "Let us encourage production for prosperity of the Nation" efforts must be made to improve the socioeconomic life of the entire nation by increasing the national economic and rural economic growth through the encouragement of promising production and farming industries. In accelerating the national economy for its rapid progress, agriculture that is the main livelihood of the majority of the country's national people and the lifeblood of the national economy must be materialized first. Hence, agriculture-based industries must be further promoted. The government has already allotted sector-wise funds for carrying out national development undertakings and providing support through various means.

Surplus funds appeared due to unavoidable circumstances, and the departments and organizations should return the surplus funds at the earliest time, instead of returning them later at the fiscal year end. Only then will the funds be approved and allotted to the departments that need funds for national development, production development and national economic promotion activities in accord with the financial rules, procedures and directives within the fiscal year. The Financial Commission must discuss and approve the request for appropriation funding for FY 2025-2026 of the union ministries and organizations and additional grants to be supplied by the Union to regions and states and the additional budget appropriation bill.

The Prime Minister then explained the step-by-step verification process of the request for supplemental funds of the Union level departments and organizations and regions and states for FY 2025-2026, provision of additional allowances and further additional allowances for the welfare of civil servants and retired persons, Union provided funds for approved supplemental funds for FY 2025-2026 and for deficit and approved tax shares for regions and states.

Secretary of the Financial Commission Union Minister for Finance and Revenue Dr Kan Zaw clarified matters relating to use of funds from general surplus revenue of the Union for FY 2025-2026, and supplemental fund list, initial budget, amended budget and additional budget appropriation bill of the Union.

Union Minister for Legal Affairs Union Attorney-General Dr Thida Oo presented a report on the Union budget bill for FY 2025-2026, additional Union budget bill for FY 2025-2026, and Union Auditor-General Dr Khin Naing Oo gave suggestions on the facts for future functions according to the findings on the verification of the budgets of union level organizations, ministries and region/state governments.

The Nay Pyi Taw Council chair, region/state chief ministers reported on approved supplemental funds to be used in health, education, transport sectors, and the public requested areas.

Then, the Secretary of the Financial Commission Union Minister for Finance and Revenue reported to the Senior General on operations of the commission including the scrutiny of details capital accounts, normal accounts and measures taken to approve the law for additional spending.

After hearing the reports, the Senior General made supplementary remarks, saying it is necessary to spend funds in tasks that will benefit the country and the people. Union ministers and chief ministers of regions and state are required to make budget spending available actually and to spend them in beneficial tasks.

In seeking additional budgets, it is necessary to seek additional budgets for tasks which will generate most benefits within a short period. Extra funds must be spent on tasks that will benefit the country actually. Therefore, it is essential to implement tasks, which will directly benefit the people such as education, health and transportation, as soon as possible at the places the people called for. Funds of the country must be spent beneficially and systematically. Ministries are urged to supervise any tasks in accordance with rules and regulations.

It is necessary to carry out tasks that will serve the interests of the people, regions and the country. For the upcoming budget year, it is important to seek funds for tasks that can actually be implemented and budget spending must be spent beneficially and effectively within the designated period. If budget spending can be spent correctly and beneficially, it will be beneficial for the country. Failures to spend budgets and time beneficially will adversely affect the country. The government has exerted efforts for the interests of the country by facing political crises, hardship, pandemics and natural disasters resiliently. Spending to be approved by the financial commission is valuable in terms of cash and time is also precious. Therefore, it is necessary to continue to carry out tasks that will benefit the country and to use time, funds and mandates beneficially and correctly.

*See Page 14*

*From Page 12*

there are about 5 million people who took the matriculation exam but did not pass. We need to consider how they can be utilized for the State. Therefore, we have consulted with responsible persons and experts and have planned to open Polytechnic schools where they can learn relevant vocational skills to enter the workforce. We have successfully opened and operated Polytechnic Universities that combine computers and technology, and we have seen positive results. Regarding education, we need to manage it with a view to long-term future benefits. There are also many who end their education at the middle school level. Therefore, we have managed to open Agriculture, Livestock, and Industrial Technical High Schools, and we have now achieved a considerable degree of success. It is essential for our country to produce specialists in the fields of agriculture, livestock, and industry. I would like to urge the Region and State governments to emphasize and carry out what should be done concerning producing quality, educated human resources.

**Efforts for the emergence of high-standard public places and stadiums alongside urban development**

Regarding urban development and beautification, it is observed that urban expansion and construction projects are being implemented. For the expansion of town plots, it is necessary to provide utilities such as water, electricity, roads, and other basic infrastructure. Therefore, in some areas, it is more beneficial to valuably utilize land and construct modern housing and apartments to enhance urban standards. In line with the new town plans, it is also necessary for actual buildings and residents to materialize. Regarding urban beautification, it is necessary to comply with the established municipal rules and regulations and to systematically enforce them. Municipal staff must diligently carry out their required enforcement duties.

Along with urban development, it is also necessary to provide places for the urban public to relax and rest, as well as public spaces. For universities and colleges, spaces must be created where festivals and sports competitions can be held. Furthermore, basic education schools must be equipped with suitable sports fields and adequate basic infrastructure commensurate with the schools. We have already permitted the construction of sports fields with 400-meter running tracks in densely populated townships in Regions and States. Furthermore, we are permitting the construction of indoor stadiums and indoor swimming pools. Region and State governments must maintain the sports fields they already possess to prevent deterioration and keep them up to standard, and they must also propose requests for needed sports fields in accordance with regulations. In cities with a population of over 100,000 in each Region and State, modern sports fields will be built to promote public health, fitness, and the sports sector. The Region and State governments represent the states and regions they lead and administer, and they must constantly consider and work for the development of their respective areas. Concerning the sports sector, the upcoming December is Sports Month, and efforts must be made to ensure full public participation in public sports events and public walking events.

I have discussed matters that can benefit the State. During our term of responsibility, we must strive with all our might and wisdom to do everything possible for the benefit of the State and its people.

Following the meeting, the Senior General presented a cash award in honor of the Kayin State Women's Football Team, which won first prize in the 2025 Region and State Under-25 Women's Football Tournament. The Kayin State Chief Minister accepted the award on behalf of the team. 100

*From Page 13*

It is necessary to realize tasks that will benefit the people by spending approved budgets within the designated period beneficially and effectively.

Then, the Senior General made concluding remarks, saying the government must ensure the sustainable development of the agriculture sector, which plays a vital role in the national economy in accordance with the four objectives of the National Defence and Security Council. Concerted efforts must be made for achieving the continual growth of socio-economic life of the people through the development of Agro-based industries, the development of MSMEs to boost the national economy and to substitute foreign imports and strengthening the sustainable development of the State by giving priority to the advancement of the national education and health sectors.

In additional budgets for the 2025-2026 fiscal year, spending was mainly allocated to repair offices, schools and hospitals damaged by the Mandalay Earthquake and for rehabilitation tasks. Union ministries are required to repay spending for tasks that cannot be carried out due to various reasons in the 2025-2026 fiscal year to the general revenue fund as soon as possible. Only then, can the spending be channeled to union level organizations and ministries to carry out tasks for the development of the country and boosting production and the national economy in the 2025-2026 fiscal year.

In addition to current financial allowances, another financial allowance of MMK 30,000 have been approved as of October, 2025 for the welfare of government employees and retirees. Required funds for the increased financial allowance must be provided by transferring funds from the original budget without applying for additional budgets or transferring funds paid back the union GRF, which will also transfer funds for net deficits.

Tasks that are required to be carried out in the 2025-2026 fiscal year must be completed within the designated period according to their standards and special care must be taken not to retransfer excessive budget spending. Ministries and regional and state governments are required to implement tasks with accountability within the designated period by spending the additional budget and budgets originally allocated for the 2025-2026 fiscal year and to accept systematic audits of spending.

Ministries and regional and state governments are also required to spend their budgets hat will contribute to the development of the country systematically, effectively and beneficially in accordance with the objectives of the NDSC and to successfully implement tasks.

After the remarks, the meeting concluded. 100

# More than 2,000 acres of maize harvested in Katha District



A large stockpile of harvested maize.

**Katha October 28**

Local farmers have so far harvested 2,503 acres of maize planted in monsoon in Katha District of Sagaing Region, according to the district Agriculture Department.

During the monsoon crop season, a total of 6,774 acres of maize and sweet corn were cultivated in Katha District. Harvesting of maize fields began in August this year, and as of now, 883 acres of maize and 1,620 acres of sweet corn have been harvested. The yields were over 40 baskets of maize per acre for seed maize and over 12,000 ears per acre for sweet corn, according to reports.

“This year, a total of 6,774 acres of maize and sweet corn were cultivated in Katha District during the monsoon crop season. Harvesting is currently underway, and so far, more than 2,000 acres have been harvested. We have carried out educational activities and awareness programmes to ensure healthy and successful maize production and to prevent pest and disease outbreaks,” said Daw Khin Myat Myat Oo, Head of the Katha District Agriculture Department.

By township, the areas where maize and sweet corn have been harvested this year are 605 acres of maize and 512 acres of sweet corn in Katha Township, 650 acres of sweet corn in Indaw Township, 278 acres of maize and 130 acres of sweet corn in Htigyaing Township, and 328 acres of sweet corn in Banmauk Township, totalling 2,503 acres.

This year, the township agriculture departments under Katha District have provided farmers cultivating seed maize and sweet corn with training courses, demonstration field shows, and awareness programmes on preventive measures against fall armyworm, integrated pest management, and proper use of pesticides and insecticides for crops such as maize, ginger, and chili.

Maize in Katha District yields over 50 baskets per acre, with a cultivation cost of around K500,000 per acre, while sweet corn yields about 15,000 ears per acre, with a cultivation cost of over K500,000 per acre. 206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်(PLA)က ASN-301 ရေဒါတိုက်ဖျက်ရေး တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်လေ့ကျင့်ခဲ့



တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA) အရှေ့ပိုင်းစစ်ဒေသ ကွပ်ကဲမှုဌာနချုပ်က မောင်းသူမဲ့တိုက်ခိုက်ရေးစွမ်းရည်များကို တိုးတက်ဖွံ့ဖြိုးမှုများအပေါ် တရားဝင်ထုတ်ဖော်ပြသသည့် အနေဖြင့် ASN-301 ရေဒါတိုက်ဖျက်ရေး တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်လေ့ကျင့်ခဲ့သည်ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၂၇ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ယခင်က ကာကွယ်ရေးပြပွဲများတွင် တွေ့ရဖူးသည့် ဤ Loitering Munition တိုက်ခိုက်ရေးဒရုန်းစနစ်သည် ယခုအခါ စစ်ဆင်ရေးအတွက် တိုက်ပွဲဝင်အသင့်ဖြစ်နေပြီး လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်များကို ပံ့ပိုးပေးသည့် ရန်သူ့ရေဒါများကိုဦးတည်၍ တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံပိုင်မီဒီယာမှ ထုတ်ပြန်ခဲ့သော ဤစမ်းသပ်မှုသည် ထိုင်ဝမ်ရေလက်ကြားကဲ့သို့သော အငြင်းပွားဖွယ်ရာဒေသများတွင် အမေရိကန်နှင့် မဟာမိတ်များ၏ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို တန်ပြန်တိုက်ခိုက်နိုင်သော တိကျမှုမြင့်ဒုံးန များကိုဖော်ဆောင်ရန် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများ မည်မျှအရှိန်မြှင့်တင်နေသည်ကို ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

ထုတ်ပြန်ခဲ့သော ဗီဒီယိုဖိုင်တွင် ASN-301 တိုက်ခိုက်ရေးဒရုန်းခြောက်စင်းကို တစ်ပြိုင်နက်ပစ်လွှတ်နိုင်သောအလုံပိတ်ပြွန်ပုံသဏ္ဌာန် ဘူးခြောက်ခုတပ်ဆင်ထားသည့် လျှင်မြန်စွာရွှေ့လျားနိုင်သော ထရပ်ကားပေါ်တွင် ဒရုန်းပစ်လွှတ်မှုစနစ်ကို တပ်ဆင်ထားသည်။ ဤပစ်လွှတ်မှုစနစ်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တွင် အမြောက်နှင့် ဒုံးကျည်စနစ်များ သယ်ယူပို့ဆောင်ရာတွင် ကျယ်ပြန့်စွာအသုံးပြုနေသည့် ပြုပြင်မွမ်းမံထားသော FAW MV3 6x6 နည်းဗျူဟာမြောက် ထရပ်ကားကိုယ်ထည်ပေါ်တွင် ပေါင်းစပ်တပ်ဆင်ထားသည်။ ဖွဲ့စည်းပုံသည် ဒရုန်းခြောက်စင်းထိ လျှင်မြန်စွာဖြန့်ကြက်ခြင်းနှင့် တစ်ပြိုင်နက်တည်းပစ်လွှတ်ခြင်းများကို ဆောင်ရွက်နိုင်စေမည်ဖြစ်ပြီး ရန်သူ့ရေဒါတည်နေရာများကို သတိပေးချိန်အနည်းဆုံးဖြင့် ညှိနှိုင်းတိုက်ခိုက်နိုင်စေကာ နည်းဗျူဟာမြောက် ပြောင်းလွယ်ပြင်လွယ်ရှိမှုကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန်မဟာမိတ်များ အထူးသဖြင့် တရုတ်(တိုင်ပေ)၊ ဂျပန်နှင့် ဒေသတွင်းရှေ့တန်းကျကျတပ်ဖြန့်ထားသည့် အမေရိကန်တပ်ဖွဲ့များအတွက် ဤစနစ်စတင်အသုံးပြုနိုင်ခြင်းသည် ရေဒါအပေါ်မှီခိုနေသော လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်များအတွက် မိတ်ဆက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ လေပေါ်ပျံဝဲတိုက်ခိုက်ရေးလက်နက်များဟုတင်စားထားကြသည့် Loitering Munition တိုက်ခိုက်ရေးဒရုန်းများကို ကီလိုမီတာရာပေါင်းများစွာအကွာအဝေးမှ ပစ်လွှတ်နိုင်ပြီး ရေဒါစနစ်များအလုပ်လုပ်ဆောင်လာသည်ထိ ပျံဝဲစောင့်ဆိုင်းနိုင်စွမ်းရှိကြသည်။ ဆိုလိုသည်မှာ Aegis-စနစ်တပ်ဆင်ထားသော သင်္ဘောများ၊ ဝေဟင်ကြိုတင်သတိပေးရေး လေယာဉ်များ၊ မြေပြင်အခြေစိုက်စောင့်ကြည့်ရေဒါများကဲ့သို့သော အဓိကရေဒါစွမ်းအားစုများသည် အချိန်နှင့်အမျှ အန္တရာယ်ရှိလာနိုင်သည်။

လက်ရှိတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) အရှေ့ပိုင်းစစ်ဒေသကွပ်ကဲမှုဌာနချုပ်မှ ASN-301 ရေဒါတိုက်ဖျက်ရေး တိုက်ခိုက်ရေးဒရုန်းကို လက်တွေ့စစ်ဆင်ရေးတွင် အသုံးပြုနိုင်သော လက်နက်စနစ်တစ်ခုဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းပြသနေသည်။ ၎င်းသည် ရန်သူ၏ အရည်အသွေးမြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အနှောင့်အယှက်ပေးပြီး လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်ခြင်းမရှိတော့သည်ထိ တိုက်ခိုက်ဖျက်ဆီးရန်ရည်ရွယ်၍ ခေတ်မီပြီး လျှင်မြန်စွာရွှေ့လျားနိုင်သော တိုက်ခိုက်ရေးဖွဲ့စည်းပုံထဲသို့ ပေါင်းစပ်ထည့်သွင်းသွားမည့် တိုက်စွမ်းအားတစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။ အင်ဒို-ပစိဖိတ်ဒေသနှင့် NATO အဖွဲ့တစ်ဝှမ်းရှိ ကာကွယ်ရေးစီမံကိန်းရေးဆွဲသူများအတွက် ဤတိုးတက်မှုသည် အလေးအနက်ထားစဉ်းစားရမည့် အခြေအနေတစ်ခုဖြစ်ကြောင်း ဖော်ညွှန်းပြသလျက်ရှိပါသည်။

China Tests ASN-301 Anti-Radar Drone Raising New Threats for U.S. and Allied Forces ကို ဘာသာပြန်ဆိုထားပါသည်။

## ရုရှား Burevestnik ဒုံးကျည်သစ်က အမေရိကန်၏ Golden Dome ဒုံးကျည်ကာကွယ်ရေးစနစ်အစီအစဉ်အပေါ် သက်ရောက်မှုရှိနိုင်

ရုရှားနိုင်ငံက မကြာသေးမီက စမ်းသပ်အောင်မြင်ကြောင်း ကြေညာခဲ့သော နယ်နိမိတ်မဲ့ပစ်ခတ်နိုင်စွမ်းရှိသည့် နျူကလီးယားစွမ်းအင်သုံး ဒုံးကျည်သစ် Burevestnik သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ Golden Dome ဒုံးကျည်ကာကွယ်ရေးစနစ်တည်ဆောက်ရေးအစီအစဉ်အပေါ် သိသိသာသာသက်ရောက်မှုရှိနိုင်သော အလှည့်အပြောင်းလက်နက်တစ်ခုဖြစ်ကြောင်း အမေရိကန်ကြည်းတပ်အရာရှိဟောင်း Stanislav Krapivnik က ပြောကြားခဲ့သည်ဟု RT သတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ရုရှားက ဒုံးကျည်အသစ်စမ်းသပ်မှု အောင်မြင်ကြောင်းကြေညာပြီး မကြာမီတွင် Krapivnik က RT သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ယခုလိုထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။ ရုရှားစစ်ဘက်အဆိုအရ ၎င်းဒုံးကျည်သည် ယခုသီတင်းပတ်အစောပိုင်းက စမ်းသပ်ပျံသန်းမှုအတွင်း နာရီပေါင်းများစွာကြာအောင် ပျံသန်းခဲ့ပြီး ကီလိုမီတာ ၁၄၀၀၀ ကျော် အကွာအဝေးကို လွှမ်းခြုံနိုင်ခဲ့ကြောင်း သိရသည်။

"Burevestnik ဟာ ဂိမ်းတစ်ခုကို အပြောင်းအလဲဖြစ်စေတဲ့Game Changer လက်နက်ပါ။ ဒုံးကျည်က လေကြောင်းရန်ကာကွယ်ရေးဇုန်တွေနဲ့ ရေဒါဇုန်တွေကို ရှောင်ကွင်းသွားနိုင်ပါတယ်။ လေထဲမှာ ၁၆ နာရီကြာအောင်ရှိနေခဲ့ပြီး ပိုကြာအောင် ရှိနေနိုင်ပါသေးတယ်။ ဒါဟာ ဒုတိယအကြိမ် တုံ့ပြန်တိုက်ခိုက်ရေးလက်နက်ဖြစ်ပြီး ရုရှားကို တိုက်ခိုက်ရင် အချိန်တိုအတွင်း ပြန်တိုက်ခိုက်နိုင်လိမ့်မယ်"ဟု Krapivnik က ပြောကြားခဲ့သည်။

ဤလက်နက် ပေါ်ထွန်းလာမှုသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီထိ စတင်အသုံးပြုနိုင်တော့မည်ဟု ယူဆရသည့် အမှန်တကယ် အသက်ဝင်နိုင်ဖွယ်မရှိသေးဘဲ အမေရိကန်၏ Golden Dome ဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်ရေးအစီအစဉ်ကို သေချာပေါက်သက်ရောက်မှုရှိစေလိမ့်မည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သေးသည်။

"လက်ရှိမှာ ရေဒါစနစ်တွေနဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေက ဒီလို ပုံထိန်းဒုံးကျည်တွေအတွက်ဆိုရင် အမေရိကန်ကို ပစ်ခတ်တိုက်ခိုက်လာ



နိုင်ခြေရှိတဲ့နိုင်ငံတွေဖြစ်တဲ့ မြောက်ကိုရီးယား၊ တရုတ်နဲ့ ရုရှားတို့ရဲ့ ပုံထိန်းလမ်းကြောင်းတွေပေါ်မှုတည်ပြီး တပ်ဖြန့်ချထားတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ အမေရိကန်တစ်နိုင်ငံလုံးကို လွှမ်းခြုံစရာမလိုဘူး။ ဒီဒုံးကျည်နဲ့ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ အမေရိကန်ပြည်ထောင်စုတစ်ခုလုံးကို လွှမ်းခြုံကာကွယ်ထားနိုင်ဖို့ လိုအပ်လာပါလိမ့်မယ်။ ဒါက အရာရာကို ပိုပြီးခက်ခဲစေသလို ပိုပြီးတော့လဲ ကုန်ကျစရိတ်ကြီးမြင့်စေပါတယ်" ဟု Krapivnik က ရှင်းပြခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ၂၀၁၈ ခုနှစ်တွင် စတင်ကြေညာခဲ့သည့် အတိုင်း ဤ Burevestnik ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့မှုအပေါ် အနောက်နိုင်ငံများအနေဖြင့် သံသယများစွာ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု Krapivnik က သုံးသပ်ထားကြောင်း သိရသည်။

Russia's new cruise missile a 'game-changer' – former US Army officer (VIDEO) ကို ဘာသာပြန်ဆို ထားပါသည်။

မင်းမျိုး

ရှေ့ဖုံးမှအဆက်

**၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံ စသည့် အဆောက်အအုံများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့်ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များနှင့် နိုင်ငံဖွံ့ဖြိုးမှုနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် အဓိကထား ခွင့်ပြုပေးသွားမည်ဖြစ် . . .**

ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကိုပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ အတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်**ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံ စသည့် အဆောက်အအုံများ၊ အိမ်ရာများ ပြန်လည်ပြုပြင် ထိန်းသိမ်းရမည့်ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များနှင့် နိုင်ငံဖွံ့ဖြိုးမှုနှင့် ပြည်သူအကျိုးပြု လုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် အဓိကထား ခွင့်ပြုပေးသွားမည်ဖြစ်**ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆောင်ရွက်သည့်နေရာတွင် ဖြည့်စွက်ခွင့်ပြုငွေရရှိမည့်ကာလနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏကိုချင့်ချိန်ဆောင်ရွက်ရန်လိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် နိုင်ငံတော်ပိုင်အခြေခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန် အသစ်ဆောက်လုပ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လျာထားခွင့်ပြုထားသည့် အသုံးစရိတ်များအနက်မှ "အထွေထွေပိုလျှံရန်ပုံငွေ" (GRF)သို့ ပြန်လည်အပ်နှံငွေကျပ် ၂၀၆၇ ဒသမ ၃၃၆ ဘီလီယံကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေထဲကို လွှဲပြောင်းထည့်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း၊ မိမိတို့အစိုးရက ချမှတ်ထားသည့် ဦးတည်ချက်များကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအစီအစဉ်များချမှတ်ပြီး အသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲကြရန် လိုအပ်ကြောင်း။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**ဆိုသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်အတိုင်း လက်တွေ့ကျသည့် ကုန်ထုတ်လုပ်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကျေးလက်စီးပွားနှင့် နိုင်ငံ့စီးပွားမြှင့်တင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ပုံငွေများကို ခွဲဝေချထားပေးပြီး နည်းလမ်းမျိုးစုံဖြင့် အားပေးလုပ်ဆောင်လျက်ရှိကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မလွှဲမရှောင်သာသည့် အခြေအနေများကြောင့် မူလရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဖြစ်ပေါ်လာသည့်ပိုလျှံငွေများကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှ နောက်ကျပြီးအပ်နှံခြင်းမပြုဘဲ တတ်နိုင်သမျှ ဆောလျင်စွာပြန်လည်အပ်နှံကြရန် မှာကြားလိုကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးရှိအောင် ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ပြည်ထောင်စုမှတိုင်းဒေသကြီး၊ ပြည်နယ်များကို ထပ်မံထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ်တွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က ဆွေးနွေး အတည်ပြုပေးရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုကိုအထောက်အကူဖြစ်စေရန် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးအပြင် ထပ်မံတိုးမြှင့်ထောက်ပံ့ပေးခဲ့မှု အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် လိုငွေအတွက် ပြည်ထောင်စုက ထောက်ပံ့ငွေနှင့် အခွန်ဝေစုများ ခွင့်ပြုဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ အထွေထွေပိုလျှံရန်ပုံငွေမှ သုံးစွဲမည့်ကိစ္စရပ်များ၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမူကြမ်းနှင့် ၂၀၂၅-၂၀၂၆ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပြည်သူလူထုတို့က အဆိုပြုတောင်းခံထားသည့် လုပ်ငန်းရပ်များကဏ္ဍတို့တွင် အသုံးပြုနိုင်ရေးအတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အသီးသီးတင်ပြကြသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးကော်မရှင်ကိစ္စရပ်များဖြစ်သည့် အသေးစိတ်ငွေလုံးငွေရင်းစာရင်းများ၊ သာမန်ငွေစာရင်းများအား အဆင့်ဆင့်စိစစ်ခဲ့မှု၊ နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်အမှာစကားပြောကြားရာတွင် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ် အကျိုးရှိသည့်နေရာများတွင်သာ အသုံးပြုရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဖြည့်စွက်ခွင့်ပြုငွေများတင်ပြတောင်းခံရာတွင် အချိန်တိုကာလအတွင်း အမြန်ဆုံးအကျိုးဖြစ်စေမည့်လုပ်ငန်းများကို တင်ပြတောင်းခံသွားရန်လိုကြောင်း၊ **ပိုလျှံရန်ပုံငွေများကို နိုင်ငံတော်အတွက် အမှန်တကယ် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းများနှင့် ပြည်သူလူထုတို့က တောင်းဆိုသည့်နေရာများတွင် အမြန်ဆုံးလုပ်ငန်းဖော်ဆောင်သွားကြရန်လို**ကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများကို အကျိုးရှိရှိဖြင့် စနစ်တကျသုံးစွဲသွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြစေလိုကြောင်း။

ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အတွက်အကျိုးရှိမည့် လုပ်ငန်းရပ်များကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ **လာမည့် ဘတ်ဂျက်နှစ်တွင်လည်း အမှန်တကယ်ဆောင်ရွက်နိုင်မည့်လုပ်ငန်းရပ်များအတွက် ဘဏ္ဍာငွေများကို တင်ပြတောင်းခံသွားရန်လိုပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုငွေများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချသွားနိုင်ရန်လို**ကြောင်း၊ ခွင့်ပြုငွေများကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း၊ **မိမိတို့၏ အချိန်နှင့်ငွေကြေးများကို အကျိုးရှိစွာ အသုံးချနိုင်မှုမရှိခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအကျပ်အတည်း၊ အခက်အခဲများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့ခဲ့ရမှုများကို ကြံ့ကြံ့ခံ၍ ယနေ့အချိန်ထိ နိုင်ငံတော်ကို ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုပေးမည့်ဘဏ္ဍာငွေသည် ငွေရေးကြေးရေးတန်ဖိုးအရ တန်ဖိုးရှိသည်သာမက အချိန်သည်လည်း တန်ဖိုးရှိကြောင်း၊ ထို့ကြောင့် ဆက်လက်၍လည်း **နိုင်ငံတော်အတွက် ကောင်းမွန်သည့်လုပ်ငန်းရပ်များကို ဖော်ဆောင်သွားကြရမည်ဖြစ်ပြီး အချိန်၊ငွေကြေးနှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ **ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လို**ကြောင်းဖြင့် ပြောကြားသည်။

❖ **အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"မှ**

မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ကာကီနာဒါမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ အရှိန်ကြောင့် ယနေ့ ညနေမှ နောက် ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ပိုလျှံရန်ပုံငွေများကို နိုင်ငံတော်အတွက် အမှန်တကယ် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရမည်ဖြစ်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသောလုပ်ငန်းများနှင့် ပြည်သူလူထုတို့က တောင်းဆိုသည့်နေရာများတွင် အမြန်ဆုံးလုပ်ငန်းဖော်ဆောင်သွားကြရန်လို . . .**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ ဦးတည်ချက် (၄)ရပ်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်က အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် အမျိုးသားပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် အလေးထားမြှင့်တင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံ စသည့် အဆောက်အအုံများ၊ လမ်းများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့် အသုံးစရိတ်များနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များအတွက် အသုံးစရိတ်များကို အဓိကထား ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်းပါ လုပ်ငန်းအချို့ကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် အဆိုပါလုပ်ငန်းများ၏ အသုံးစရိတ်များကို “အထွေထွေပိုလျှံရန်ပုံငွေ” (GRF) သို့ အမြန်အပ်နှံကြရန်လိုကြောင်း၊ သို့မှသာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ပြန်လည်လွှဲပြောင်း သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစား ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်လည်မှုရှိစေရန် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးအပြင် ထပ်မံပြီး ကျပ် ၃၀၀၀၀ ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစ၍ ခံစားခွင့်ပြုခဲ့ကြောင်း၊ ထိုကဲ့သို့ တိုးမြှင့်ခံစားခွင့် ပြုလိုက်သည့်အတွက် လိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကို ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း မပြုစေဘဲ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ၊ “အထွေထွေပိုလျှံ ရန်ပုံငွေ” (GRF)သို့အပ်နှံပြီး ပြန်လည်လွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ ဆောင်ရွက်ပြီး အသားတင်ထပ်မံလိုငွေများကို ပြည်ထောင်စု၏ “အထွေထွေပိုလျှံရန်ပုံငွေ”(GRF)မှ လွှဲပြောင်းသုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း၌ ပြီးစီးအောင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ပိုလျှံငွေအများအပြားပြန်လည်အပ်နှံရမှု မဖြစ်စေရေးကို အထူးဂရုပြု ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များနှင့်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုများကိုလည်း စနစ်တကျစာရင်းစစ်ဆေးမှုခံယူနိုင်ကြရန်ကိုလည်း သတိပေးမှာကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကချမှတ်ထားသည့် ဦးတည်ချက်များ၊ ဆောင်ပုဒ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းအသုံးစရိတ်များကို စနစ်တကျခွဲခြားသုံးသပ်ပြီး အကျိုးရှိရှိထိထိရောက်ရောက် သုံးစွဲကြရန်နှင့် လုပ်ငန်းများကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



Pacific Fleet ရှိ Officer Club တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် Pacific Fleet ၏ Commander ဖြစ်သူ ဗိုလ်ချုပ်ကြီး Viktor N.Liina တို့ နှစ်နိုင်ငံရေတပ်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားရေတပ် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် ရုရှားစစ်သံမှူး Colonel KURCHENKO Sergey Semenovich နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၁ ရက်တွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားရေတပ်၊ Pacific Fleet ၏ အမှတ်(၁၉) ရေငုပ်သင်္ဘောတပ်မသို့သွားရောက်ခဲ့ရာ Primorskaya Flotilla ၏ စစ်ရေယာဉ်စုမှူးဖြစ်သူ ဗိုလ်ချုပ် A.U.Sysoevနှင့် အရာရှိကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုကြသည်။ ၎င်းနောက် ရုရှားစစ်ရေယာဉ် Hero Of The Russian Federation Aldar Tsydenzhapov နှင့် ရေငုပ်သင်္ဘော Komsomolsk on Amur သို့သွားရောက်လေ့လာ၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Pacific Fleet Museum သို့ သွားရောက်လေ့လာကြသည်။၎င်းနောက် ရုရှားရေတပ် Pacific Fleet ကွပ်ကဲမှုဌာနချုပ်သို့သွားရောက်ရာ Pacific Fleet Commander ဖြစ်သူ ဗိုလ်ချုပ်ကြီး Viktor N.Liina နှင့်အရာရှိကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုကြပြီး အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံရေတပ်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ၎င်းနောက် Russia My History ပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

အောက်တိုဘာ ၂၃ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ JSC Admiralty Shipyard သို့သွားရောက်လေ့လာရာ သင်္ဘောကျင်းတာဝန်ရှိသူများက ရေယာဉ်တည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး သင်္ဘောကျင်းပြတိုက်သို့ ကြည့်ရှုလေ့လာကြသည်။ ၎င်းနောက် JSC Midle Nevsky Shipbuilding Plant သို့သွားရောက်ပြီး သံပြားအစားထိုး စွမ်းအားမြင့်ပလတ်စတစ်ဖိုက်ဘာနည်းပညာ (Glass Reinforced Plastics-GRP)ဖြင့် ရေယာဉ်တစ်စီးလုံးတည်ဆောက်နေမှုများကို လေ့လာဆွေးနွေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ ရုရှားရေတပ်ရုံးချုပ်သို့သွားရောက်ခဲ့ရာ ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev နှင့်အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် ရုရှားရေတပ်ဂုဏ်ပြုတပ်ဖွဲ့ကိုလိုက်လံကြည့်ရှုစစ်ဆေး၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ရုရှားရေတပ်ဦးစီးချုပ်ရုံးခန်း၊ အစည်းအဝေးခန်း၊ စာကြည့်တိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် ရုရှားရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့ရှိ Hermitage ပြတိုက်သို့သွားရောက်လေ့လာခြင်း၊ အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထုတ်လုပ်မှုများပြုလုပ်နေသော Special Technology Centre(STC) သို့ သွားရောက်လေ့လာခြင်းများဆောင်ရွက်ခဲ့ကြပြီး အောက်တိုဘာ ၂၅ ရက်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးတင်ပြကြရာတွင် ဒေသအလိုက် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ စိုက်ဧက၊ အထွက်နှုန်းများနှင့်ပတ်သက်၍ နှစ်အလိုက် နှိုင်းယှဉ်တွေ့ရှိချက်များ၊ စပါးသီးနှံနှင့် ချည်မျှင်ရှည်ဝါ အထွက်နှုန်းများ၏ ဖြစ်နိုင်ခြေဆန်းစစ်ချက်များ၊ ဒေသအလိုက် မြေနိမ့်ကော်ဖီ ဖြစ်ထွန်းအောင်မြင်မှုနှင့် တိုးချဲ့စိုက်ပျိုးနိုင်မှု၊ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လူဦးရေအရ အသား၊ ငါးနှင့် ဥအမျိုးမျိုး ဖူလုံမှု၊ ရေနက်ကွင်းဧရိယာများကို ငါးကန်တူးဖော်ပြီး သီးနှံစိုက်ပျိုးမြေဖော်ထုတ်၍ သီးနှံစိုက်ပျိုးခြင်းနှင့် ငါးမွေးမြူခြင်းကို ယှဉ်တွဲဆောင်ရွက်နိုင်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများကို တောင်သူများ၏ လက်ဝယ်အရောက် ပေးအပ်ပြီး အသိပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန်လိုအပ်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကို နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် စနစ်တကျဖော်ထုတ် အသုံးပြုနိုင်ရန်လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေးခဲ့မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့မှုနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် တိုက်ဖျက် ဆောင်ရွက်လျက်ရှိမှုနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုအပ်မှု၊ လျာထားလုပ်ငန်းများအတွက် သာမန်ငွေလုံးငွေရင်းအသုံးစရိတ်များကို ခွင့်ပြုပေးခဲ့မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများအပေါ် စိစစ်တင်ပြချက်များ၊ လုပ်ငန်းရပ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြကြရာတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကို ပြုပြင်ဆောင်ရွက်လျက်ရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့်အငယ်စား (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

## ဘဏ္ဍာငွေသုံးစွဲမှုများ မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိဖြစ်စေရေး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးမှာကြားရာတွင် ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် နိုင်ငံတော်ကခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများကို အကျိုးရှိရှိအသုံးပြုသွားရန်လိုကြောင်း၊** လုပ်ငန်းရပ်များအလိုက် ငွေကြေးသုံးစွဲမှုများကို ဆောင်ရွက်သွားမည်ဆိုပါက လည်ပတ်သုံးစွဲငွေမြင့်တက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အခြေခံလူတန်းစားများအနေဖြင့် တစ်ဦးချင်း ဝင်ငွေတိုးပွားလာမည်ဖြစ်ပြီး စားရေး၊ ဝတ်ရေးတို့တွင် သုံးစွဲငွေများ မြင့်တက်လာမည်ဖြစ်ကာ လူမှုစီးပွားများသည်လည်း တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးလည်ပတ်မှုများ ပိုမိုဖြစ်ပေါ်လာစေပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေသုံးစွဲမှုများကို မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိအသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် **ခွင့်ပြုငွေများအလိုက် အချိန်တိုအတွင်း၌ နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် (Quick Win) လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။**

## ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နည်းလမ်းမျိုးစုံဖြင့် မဲမသမာမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ယူခဲ့ရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်မှုမရှိစေရေး Myanmar Electronic Voting Machine (MEVM) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ MEVM စက်များသည် မဲမသမာမှု မည်ကဲ့သို့မျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ **မှန်ကန်သည့် ရွေးကောက်ပွဲ၊ မဲမသမာမှုမရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး မဲစာရင်းများ မှန်ကန်မှုရှိရေးသည် အဓိကကျ**ကြောင်း၊ ထို့ကြောင့် **ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မဲစာရင်းများပြုစုရာတွင် အမှားအယွင်းမရှိစေရေး၊ မဲမသမာမှုများ မရှိစေရေး အလေးထားဆောင်ရွက်သွားရန်**လိုကြောင်း၊ ယနေ့မှစ၍ မဲဆွယ်စည်းရုံးမှုကာလစတင်မည်ဖြစ်ပြီး ပါတီများအလိုက် မဲဆွယ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ကြတော့မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးပြီး တည်ငြိမ်သည့်အစိုးရတစ်ရပ် ထွက်ပေါ်လာစေရေး မျှော်မှန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

## နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးနှင့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံ့စီးပွား မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ တစ်ဝက်ကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သော စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်ကြောင်း၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှအစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှအစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကထွက်ရှိသည့် ဆန်သီးနှံအပါအဝင် အခြားသီးနှံများကို အရည်အသွေးမြင့်စွာဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက

**စာမျက်နှာ ၁၉ သို့**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း( ၂ )ကျင်းပမည့် နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၄၁ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပမည့် နေ့ရက်နှင့် ပါဝင်သည့်မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၂ ) ကို ၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် (၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း ( ၂ ) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
အပိုင်း ( ၂ ) တွင် ပါဝင်သည့် မြို့နယ်များစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ မချမ်းဘော | |
| | | ၂။ မိုးကောင်း | |
| | | ၃။ ပိုင်းမော် | |
| ၂ | ကယား | ၁။ ဒီးမော့ဆို | |
| | | ၂။ ဖရူဆို | |
| ၃ | ကရင် | ၁။ ဖာပွန် | |
| | | ၂။ လှိုင်းဘွဲ | |
| ၄ | စစ်ကိုင်း | ၁။ ကလေးဝ | |
| | | ၂။ မင်းကင်း | |
| | | ၃။ ဝန်းသို | |
| | | ၄။ ကျွန်းလှ | |
| | | ၅။ မြင်းမူ | |
| | | ၆။ ချောင်းဦး | |
| | | ၇။ ဘုတလင် | |
| | | ၈။ အရာတော် | |
| | | ၉။ ဖောင်းပြင် | |
| | | ၁၀။ မော်လိုက် | |
| | | ၁၁။ ရေဦး | |
| ၅ | တနင်္သာရီ | ၁။ ရေဖြူ | |
| | | ၂။ ကျွန်းစု | |
| | | ၃။ တနင်္သာရီ | |
| ၆ | ပဲခူး | ၁။ ဒိုက်ဦး | |
| | | ၂။ ရွှေကျင် | |
| | | ၃။ ထန်းတပင် | |
| | | ၄။ ရေတာရှည် | |
| | | ၅။ စီးကုန်း | |
| | | ၆။ ပေါင်းတည် | |
| | | ၇။ ကဝ | |
| | | ၈။ သနပ်ပင် | |
| | | ၉။ ပေါက်ခေါင်း | |
| | | ၁၀။ ပန်းတောင်း | |
| | | ၁၁။ မိုးညို | |
| | | ၁၂။ မင်းလှ | |
| ၇ | မကွေး | ၁။ ဂန့်ဂေါ | |
| | | ၂။ ဆိပ်ဖြူ | |
| | | ၃။ နတ်မောက် | |
| | | ၄။ မြို့သစ် | |
| | | ၅။ ငဖဲ | |
| | | ၆။ စလင်း | |
| | | ၇။ စေတုတ္တရာ | |
| | | ၈။ ကံမ | |
| | | ၉။ မင်းတုန်း | |
| | | ၁၀။ မင်းလှ | |
| | | ၁၁။ ဆင်ပေါင်ဝဲ | |
| ၈ | မန္တလေး | ၁။ စဉ့်ကိုင် | |
| | | ၂။ ကျောက်ပန်းတောင်း | |
| | | ၃။ တံတားဦး | |
| | | ၄။ ပြည်ကြီးတံခွန် | |
| | | ၅။ မဟာအောင်မြေ | |
| | | ၆။ ဝမ်းတွင်း | |
| | | ၇။ သာစည် | |
| | | ၈။ အမရပူရ | |
| | | ၉။ မတ္တရာ | |
| ၉ | မွန် | ၁။ ဘီးလင်း | |
| | | ၂။ မုဒုံ | |
| | | ၃။ သံဖြူဇရပ် | |
| | | ၄။ ရေး | |
| | | ၅။ ပေါင် | |
| ၁၀ | ရန်ကုန် | ၁။ ဗဟန်း | |
| | | ၂။ ပန်းဘဲတန်း | |
| | | ၃။ လသာ | |
| | | ၄။ ကော့မှူး | |
| | | ၅။ ကွမ်းခြံကုန်း | |
| | | ၆။ ဒဂုံမြို့သစ် (မြောက်ပိုင်း) | |
| | | ၇။ ဒေါပုံ | |
| | | ၈။ ပုဇွန်တောင် | |
| | | ၉။ လှိုင် | |
| | | ၁၀။ ရွှေပြည်သာ | |
| | | ၁၁။ ထန်းတပင် | |
| | | ၁၂။ လှည်းကူး | |
| | | ၁၃။ တောင်ဥက္ကလာပ | |
| | | ၁၄။ ကိုကိုးကျွန်း | |
| | | ၁၅။ ကြည့်မြင်တိုင် | |
| | | ၁၆။ အင်းစိန် | |
| ၁၁ | ရှမ်း | ၁။ ရွာငံ | |
| | | ၂။ ဆီဆိုင် | |
| | | ၃။ ကလော | |
| | | ၄။ မိုင်းခတ် | |
| | | ၅။ မိုင်းပျဉ်း | |
| | | ၆။ မိုင်းဖြတ် | |
| | | ၇။ ရပ်စောက် | |
| | | ၈။ တန့်ယန်း | |
| | | ၉။ မိုင်းရယ် | |
| | | ၁၀။ ကွန်ဟိန်း | |
| | | ၁၁။ မိုင်းတုံ | |
| | | ၁၂။ မိုင်းယောင်း | |
| | | ၁၃။ မိုင်းယန်း | |
| | | ၁၄။ မိုင်းပန် | |
| | | ၁၅။ မောက်မယ် | |
| | | ၁၆။ မိုင်းကိုင် | |
| | | ၁၇။ လဲချား | |
| ၁၂ | ဧရာဝတီ | ၁။ ကျောင်းကုန်း | |
| | | ၂။ ကန်ကြီးထောင့် | |
| | | ၃။ သာပေါင်း | |
| | | ၄။ ကျိုက်လတ် | |
| | | ၅။ ဖျာပုံ | |
| | | ၆။ ဘိုကလေး | |
| | | ၇။ ပန်းတနော် | |
| | | ၈။ ဝါးခယ်မ | |
| | | ၉။ အိမ်မဲ | |


လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်းလိုက် နေ့ရက်များတွင် ပြည်တွင်းနှင့် နိုင်ငံတကာသတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာ

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာ သမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်များနှင့်အညီ လွတ်လပ်စွာ သတင်းရယူခွင့်ရှိပါသည်။

၂။ သတင်းရယူလိုသည့် ပြည်တွင်းမီဒီယာများကို အထွေထွေ ရွေးကောက်ပွဲကျင်းပမည့် ခရိုင်တစ်ခုချင်းစီအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်များတွင် မီဒီယာတစ်ခုလျှင် လေးဦးနှုန်းဖြင့် သတင်းရယူခွင့် ပြုသွားမည်ဖြစ်ပါသည်။

၃။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားရာတွင်-

(က) ပြည်တွင်းသတင်းမီဒီယာသမားများသည် မိမိကိုယ်စား ပြုသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းမှ ရွေးကောက်ပွဲသတင်းရယူရန် တာဝန်ပေးစေလွှတ် ထားသူဖြစ်ကြောင်း အထောက်အထားစာကိုတင်ပြ၍ သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံ တွင် လျှောက်ထားရမည်၊

( ခ ) ပြည်တွင်းပုဂ္ဂလိက သတင်းမီဒီယာသမားများသည် ကိုယ်တိုင်ရေးလျှောက်လွှာတွင် မိမိနှင့်ဆက်သွယ် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသတင်းမီဒီယာ အဖွဲ့အစည်း၏ ထောက်ခံချက်စာကို တင်ပြ၍ သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူ လိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများထံတွင် ထပ်မံလျှောက်ထား ရမည်။

( ဂ ) နိုင်ငံတကာသတင်းမီဒီယာများသည် ပြန်ကြားရေး ဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ပြန်ကြား ရေးဝန်ကြီးဌာနက စိစစ်ထောက်ခံပေးသည့် နိုင်ငံ တကာသတင်းမီဒီယာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကိုသာ ခွင့်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၄။ သတင်းမီဒီယာသမားများသည် အပိုင်းလိုက်ကျင်းပမည့် ရွေးကောက်ပွဲနေ့ရက်များအတွက် သတင်းရယူခွင့် သက်သေခံ ကတ်ပြားများ လျှောက်ထားခြင်းကို ၁၂-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံး ထား၍ ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၂/၂၀၂၅)သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ်(၂/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက အဖွင့်အမှာစကားပြောကြားရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်သည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပပေးရန်ဖြစ်ပါကြောင်း။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ ရွေးကောက်ပွဲအပိုင်း (၁)ကို မြို့နယ် ၁၀၂ မြို့နယ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ်အပြင် FPTP စနစ်၏အားသာချက်နှင့် PR စနစ်၏ ကောင်းကျိုးများကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP)ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း။

ကြိုတင်မဲများမှလွဲပြီး ရွေးကောက်ပွဲနေ့ မဲရုံများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် တစ်နိုင်ငံလုံးရှိ မဲရုံအားလုံးတွင် လွှတ်တော်အသီးသီးအတွက် လွယ်ကူရိုးရှင်းစွာမဲပေးရမည်ဖြစ်ကြောင်း၊ MEVM စက်များဖြင့် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲမသမာမှုများ မဖြစ်နိုင်သည့်အပြင် မဲရလဒ်များကိုလည်း အချိန်တိုအတွင်း တိကျမှန်ကန်စွာ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း၊ ပယ်မဲများ မရှိသဖြင့် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများအတွက် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ MEVM မဲပေးစက်မှာ မြန်မာစံချိန်စံညွှန်းဖြစ်သော MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီစစ်ဆေးပြီးဖြစ်၍ အရည်အသွေးကိုက်ညီမှုထောက်ခံချက် (Certificate of Conformity-CoC)နှင့် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) အသုံးပြုခွင့် လိုင်စင်ရရှိထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ မဲဆန္ဒရှင်ပြည်သူများသို့ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးစေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပထမအကြိမ်မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်မှ ၁၃-၁၀-၂၀၂၅ ရက်ထိ ၁၄ ရက်ကြာ ကပ်ထားကြေညာခဲ့ပြီး မဲစာရင်းများပြည့်စုံစေရန်နှင့် မဲဆန္ဒရှင်ပြည်သူများ စစ်ဆေးကြည့်ရှုရန် အချိန်ပိုမိုရရှိစေရန်အတွက် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို ခုနစ်ရက်တိုးမြှင့်ကပ်ထား ကြေညာပေးခဲ့ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် မဲစာရင်းများကပ်ထားကြေညာချိန်တွင် သွားရောက်ကြည့်ရှု၍ မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ မပါသင့်သူများပါဝင်နေပါက ကန့်ကွက်ခြင်း၊ အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းမပြုမီ သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပူးပေါင်း၍ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုဝင်ဘာလတွင် ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် လာရောက်ကြည့်ရှု၍ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်နိုင်ပါကြောင်း၊ နောက်ဆုံးအကြိမ်အနေဖြင့် ဒီဇင်ဘာလအတွင်း ကပ်ထားကြေညာပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် အတည်ပြုမဲစာရင်းရရှိမည်ဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ၊ ယာယီနေရပ်စွန့်ခွာနေရသည့် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ စနစ်တကျကြိုတင်မဲပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံရေး ပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုပေးထားပါကြောင်း။

ယခုဆိုလျှင် ရွေးကောက်ပွဲအပိုင်း(၁) စတင်ကျင်းပရန် ၆၁ ရက်သာ လိုတော့ပြီး ရွေးကောက်ပွဲ နီးလာသည်နှင့်အမျှ ရွေးကောက်ပွဲလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သင်တန်းသားများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန် ယခုကဲ့သို့ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည့်အတွက် အလေးအနက်ထား သင်ယူမှတ်သားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် သင်တန်းသား တစ်ဦးချင်းစီအလိုက် ကိုယ်ရေးအချက်အလက်များတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ ( ၂၈ - ၁၀ - ၂၀၂၅ )

| | | | | | |
|---|---|---|---|---|---|
| မြင်းခြံ | ၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | သာယာဝတီ | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | မြဝတီ | ၃၆ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ဘီးလင်း | ၃၆ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | ဘားအံ | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဂန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဂန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဂင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဂန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဂန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂင်များ၊ ပြည်သူ့စစ်အဖွဲ့ဂင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဂန်ထမ်းတာဂန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဂန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဂန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီ ဟောပြောချက်)

လေးစားအပ်ပါသော မိတ်ပြည်သူများ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို စတင်ကျင်းပမှာဖြစ်ပါတယ်။

လာမယ့်ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတပြီး မှတ်ကျောက်တင်နိုင်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်အောင် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ချက်နဲ့အတူ နိုင်ငံတော်အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်တို့က ပြည်တွင်း၊ ပြည်ပလေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမှာဖြစ်လို့ ပေါ်ထွက်လာမယ့် ရွေးကောက်ပွဲရလဒ်နဲ့အစိုးရသစ်သည်လည်း တရားဝင်မှုကို ရှိစေမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိတ်ပြည်သူများခင်ဗျား–**

လာမယ့် ရွေးကောက်ပွဲအတွက် ကျွန်တော်တို့ပါတီရဲ့ဆောင်ပုဒ်က “ပိုမိုခိုင်မာ ပြည်မြန်မာ”ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ဝယ်ရရှိထားပြီးဖြစ်တဲ့ အခြေခံကောင်းတွေအပေါ်မူတည်ပြီး ပိုမိုခိုင်မာအင်အားတောင့်တင်းလုံခြုံအေးချမ်းတဲ့နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်ရမယ်ဆိုတဲ့ နိမိတ်ပုံကိုယူပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ လွန်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပြည်သူလူထုရဲ့ အဓိကလိုအင်ဆန္ဒတွေကို စနစ်တကျလေ့လာပြီး ပါတီတာဝန်ရှိသူတွေက ဘာသာရပ်ဆိုင်ရာလက်တွေ့ကျွမ်းကျင်သူတွေကိုဖိတ်ကြား၍ ကြိမ်ဖန်များစွာဆွေးနွေးကြပြီး နိုင်ငံတော်ရဲ့ အနာဂတ်အစီအမံတွေကို ဆွေးနွေးအဖြေရှာခဲ့ကြပါတယ်။

ကျွန်တော်တို့ရဲ့ဆွေးနွေးချက်တွေဟာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံဆွေးနွေးခဲ့ကြတာဖြစ်လို့ ပါတီရဲ့ အနာဂတ်အစီအမံကတိကဝတ်တွေအဖြစ် ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာ အပြည့်အစုံဖော်ပြထားပြီးဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့လုပ်ရမယ့်လုပ်ငန်းစဉ်ကတော့ နိုင်ငံတော်ကဏ္ဍအသီးသီးရဲ့ လက်ရှိအခြေအနေတွေကို ပြည်တွင်းကျွမ်းကျင်ပညာရှင်တွေနဲ့ “လေ့လာ၊ သုံးသပ်၊ ဆန်းစစ်ခြင်း”လုပ်ငန်းကို စတင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ဦးစားပေးကဏ္ဍအလိုက် ထုတ်နုတ်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပါတီရဲ့ နိုင်ငံအတွက်အခြေခံစဉ်းစားချက်ဖြစ်ပါတယ်။

ဒီနေ့တင်ပြချက်တွေဟာ အချိန်ကန့်သတ်ချက်အရ ပြည်သူတွေရဲ့ အဓိကလိုလားချက်တွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းစွာနေထိုင်လိုမှု၊ အခြေခံစားဝတ်နေရေးအဆင်ပြေစေလိုမှု စတာတွေကို အဓိကထားပြောကြားမှာဖြစ်ပြီး ဆက်စပ်ပတ်သက်နေတဲ့ နယ်ပယ်ကဏ္ဍတချို့ကိုပါ အကျဉ်းချုပ်ထုတ်နုတ်တင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနဲ့ပတ်သက်ရင် တပ်မတော်နဲ့အစဉ်လက်တွဲပြီး ကူညီပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးကဏ္ဍနဲ့ပတ်သက်လာရင် တရားဥပဒေစိုးမိုးရေးအင်အားစုတွေလို့ခေါ်ရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်ဦးစီးဌာန၊ တရားရေးဌာနနဲ့ ဥပဒေဌာန စသည်ဖြင့် များစွာသောအဖွဲ့အစည်းတွေနဲ့ ဘက်စုံထောင့်စုံ ပီပီပြင်ပြင် ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီနည်းပညာတွေဖြည့်တင်းပြီး အင်အားတိုးမြှင့်ခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ကို တည်ဆောက်ခြင်း၊ ရဲတက္ကသိုလ်တစ်ခုသီးခြားဖွင့်လှစ်ပြီး အကြမ်းဖက်မှု၊ ပြည်တွင်းလုံခြုံရေးနဲ့မှုခင်းနှိမ်နင်းရေးကို အရည်အသွေးပြည့်မီစွာ ထမ်းဆောင်နိုင်ဖို့ စီမံဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်ရှိဖွဲ့စည်းပုံမှာလိုအပ်နေတဲ့တိရစ္ဆာန်များ စနစ်တကျထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်မြေထိန်းသိမ်းစောင့်ရှောက်ရေးရဲတပ်ဖွဲ့အပါအဝင် လိုအပ်သောလုံခြုံရေးအဖွဲ့အစည်းတွေကို တိုးချဲ့ဖွင့်လှစ်သွားပါမယ်။

ရဲစခန်းတစ်ခုပိုင်နယ်မြေအတွင်းမှာရှိတဲ့အိမ်ရာတိုင်းကို သက်ဆိုင်ရာနယ်မြေရဲစခန်းနဲ့ချိတ်ဆက်မှုစနစ်မျိုး တည်ဆောက်ထားခြင်း၊ အနီးဝန်းကျင်ရှိရဲစခန်းအချင်းချင်း အချိန်နဲ့တစ်ပြေးညီ ကွန်ရက်ဆက်သွယ်မှုစနစ်ကိုထူထောင်ခြင်းတွေပြုလုပ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ရာဇဝတ်မှုနှိမ်နင်းခြင်းတွေကို ပိုမိုအားဖြည့်ဆောင်ရွက်သွားပါမယ်။

အုပ်ချုပ်ရေးကဏ္ဍမှာ အစိုးရအုပ်ချုပ်ရေးစနစ်အသွင်မှ ပြည်သူ့အုပ်ချုပ်ရေးစနစ်အသွင်သို့ပြောင်းလဲခြင်း၊ ဟန့်တားကြန့်ကြာစေတဲ့ ကြိုးနီစနစ်တွေကိုဖယ်ရှားပစ်ခြင်း စတာတွေကို အထူးအလေးထားဆောင်ရွက်သွားပါမယ်။

တရားစီရင်ရေးကဏ္ဍမှာ ဘက်လိုက်မှု၊ ကြန့်ကြာမှု၊ အဂတိမှုတွေ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ စောင့်ကြည့်လေ့လာရေးယန္တရားတစ်ရပ်ထူထောင်ပြီး လွတ်လပ်၍တရားမျှတသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာအောင် ဆောင်ရွက်သွားပါမယ်။

နိုင်ငံသားတိုင်းဟာ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေတွေရဲ့ အကာအကွယ်ကို အပြည့်အဝခံစားရရှိစေဖို့ ဆောင်ရွက်သွားပါမယ်။

အခြေခံစားဝတ်နေရေးအဆင်ပြေစေရေးနဲ့ပတ်သက်ပြီး ကုန်စည်စီးဆင်းမှုလျင်မြန်မှန်ကန်စေဖို့ ဟန့်တားနေတဲ့အတားအဆီးတွေအားလုံးဖယ်ရှားခြင်း၊ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးနှံဇုန်၊ မွေးမြူရေးဇုန်၊ ရော်ဘာဇုန်၊ သားငါးဇုန်၊ အလှပန်းမန်ဇုန် စသည်ဖြင့် သီးခြားဇုန်တွေသတ်မှတ်၍ သွင်းအားစုတွေကို အကောက်ခွန်နှုန်းလျှော့ချတင်သွင်းစေပြီး အစိုးရသက်တမ်းတစ်ခုအတွင်းမှာ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်ကာ ပို့ကုန်၊ သွင်းကုန်မူဝါဒတွေကို ပြန်လည်ဆန်းစစ်ခြင်း၊ ဇုန်တွေကထွက်ရှိသောထွက်ကုန်တချို့အား ပြည်ပပို့ကုန်အဖြစ်ဆောင်ရွက်ခြင်းများပြုလုပ်ခြင်းဖြင့် ကုန်စည်ဈေးနှုန်းတွေကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းတို့ကိုလည်း တစ်ပါတည်း ပူးတွဲဆောင်ရွက်သွားပါမယ်။

စီးပွားရေးကဏ္ဍမှာ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ သွင်းကုန်မူဝါဒ၊ ပို့ကုန်မူဝါဒ၊ ကုန်သွယ်မှုမူဝါဒတွေကို နိုင်ငံတော်နဲ့ပြည်သူအားလုံးအတွက် လုပ်သာကိုင်သာရှိသောအခြေအနေမျိုးဖြစ်အောင် စိစစ်ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင် မိတ်ပြည်သူများခင်ဗျား–**

ဆက်စပ်ကဏ္ဍတွေအနေနဲ့လယ်ယာကဏ္ဍမှာ မြန်မာ့တောင်သူလယ်သမားတွေ ကြွေးမြီသံသရာက တစ်စချင်းတစ်စချင်း လွတ်မြောက်အောင် အစိုးရသက်တမ်းတစ်ခုအတွင်း အာမခံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အလုပ်သမားကဏ္ဍအနေနဲ့ လွတ်လပ် တရားမျှတသော ရွေးကောက်ပွဲကြောင့် တည်ငြိမ်အေးချမ်းမှုနဲ့အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာဖြစ်လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်။ ဒီအချက်ကို ထိထိမိမိအသုံးချနိုင်ဖို့အတွက် ပြည်တွင်းရှိသက်မွေးပညာကျောင်းတွေမှာ “အာဆီယံအဆင့်” သတ်မှတ်နိုင်အောင်စီမံပြီး ပေါ်ပေါက်လာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ရယူခံစားနိုင်အောင်ဆောင်ရွက်သွားပါမယ်။

အလုပ်သမားတွေရဲ့ လုပ်ခလစာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင်တိုးမြှင့်ခြင်း၊ အလုပ်သမားအခွင့်အရေးအကာအကွယ်ပေးရေးဥပဒေတွေကို ဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ ပြည်ပသို့ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားအလုပ်သမားအားလုံး တရားဝင်ဖြစ်စေဖို့ အစိုးရချင်းညှိနှိုင်းဆောင်ရွက်ပြီး ၎င်းတို့ရဲ့မိသားစုထံလွှဲပြောင်းငွေတွေကို တရားဝင်နည်းလမ်းဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရန်လည်း စီမံဆောင်ရွက်ပေးပါမယ်။

ဝန်ထမ်းကဏ္ဍအနေနဲ့ အခြေခံလစာကို လက်ရှိအခြေအနေနဲ့ ကိုက်ညီနိုင်အောင်တိုးမြှင့်ပေးပြီး ကုန်ဈေးနှုန်းတွေ လိုက်လံတိုးမြင့်မလာစေဖို့ လိုအပ်သောဥပဒေများ၊ ထိန်းကျောင်းမှုများ စတာတွေကို ချမှတ်ဆောင်ရွက်သွားပါမယ်။ ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်စဉ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် သွားလာရေး၊ နေထိုင်ရေးကိစ္စတွေမှာ အခွင့်အရေးများရရှိစေဖို့ စီမံဆောင်ရွက်သွားပါမယ်။ ဝန်ထမ်းတွေအတွက် လူမှုဖူလုံရေးနဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေကို ပိုမိုအားဖြည့်ဆောင်ရွက်သွားပါမယ်။

ဝန်ထမ်းအငြိမ်းစားတွေအတွက် ခေတ်နဲ့အညီ ရပ်တည်နိုင်အောင်လည်း စီမံဆောင်ရွက်သွားပါမယ်။ သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ၊ မသန်စွမ်းတွေ ကူညီစောင့်ရှောက်ရေးနဲ့ လိုအပ်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဖော်ဆောင်နိုင်ရေးကိုလည်း ဥပဒေပြဋ္ဌာန်းပြီး အစီအမံတစ်ရပ်ချမှတ်ဆောင်ရွက်သွားပါမယ်။

ပညာရေးကဏ္ဍမှာ နိုင်ငံတော်က ချမှတ်ထားတဲ့အလယ်တန်းအဆင့်အထိ အခမဲ့ပညာသင်ကြားရေးစနစ်ကို အားဖြည့်ဆောင်ရွက်သွားပါမယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျောင်းစတင်အပ်နှံရမယ့် ငါးနှစ် ကျောင်းနေအရွယ်ကလေးများ စာရင်းကောက်ယူရေးလုပ်ငန်းယန္တရားတစ်ခုကို ဒေသအာဏာပိုင်များအစီအစဉ်နဲ့ ကွက်လပ်မကျန်ဆောင်ရွက်ပါမယ်။ ယင်းနောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးစီမံသွားပါမယ်။ မိသားစုစားဝတ်နေရေးအတွက် အခြေအနေအမျိုးမျိုးကြောင့် ကျောင်းအပ်နှံမှုမပြုနိုင်တဲ့ကလေးတွေအတွက် “ကျောင်းပြင်ပ ပညာရေးစနစ်”ကို အစားထိုးဆောင်ရွက်ပြီး ကျောင်းနေအရွယ်အားလုံး ကြွင်းကျန်မှုမရှိရအောင် စီမံဆောင်ရွက်သွားပါမယ်။

အဲဒီနောက် နိုင်ငံတကာအဆင့်မီပညာရေးမြင့်မားလာစေဖို့ သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားပါမယ်။ ကျောင်းများမှာ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နဲ့လူ့ကျင့်ဝတ်၊ တရားဥပဒေတို့ကို လေးစားလိုက်နာသော နိုင်ငံသားတွေဖြစ်လာအောင် ကျောင်းသင်ရိုးညွှန်းတမ်းများမှာ ဒီအချက်တွေ ထည့်သွင်းရေးဆွဲပြီး အလယ်တန်းအဆင့်ထိ မသင်မနေရ **စာမျက်နှာ ၂၃ သို့**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ အကြိမ် ၂၀ မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပပြုလုပ်



နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ အကြိမ် ၂၀ မြောက် မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ အကြိမ်၂၀မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ကထိန်အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ အကြိမ် ၂၀ မြောက် မိသားစုမဟာဘုံကထိန် အလှူတော် မင်္ဂလာတွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် သိန်းနှစ်ရာ့နှစ်ဆယ်ကျော်တန်ဖိုးရှိ ပဒေသာပင် ၁၆ ခုကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## သံအမတ်ကြီး ဦးသန့်စင်အား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန့်စင်အား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**စာမျက်နှာ ၂၂ မှအဆက်**

ဘာသာတစ်ခုအဖြစ် သင်ကြားစေခြင်း၊ ပြည်ထောင်စုစိတ်ဓာတ်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းသားတိုင်းသည် မိမိဘာသာစကားအပြင် တိုင်းရင်းသားဘာသာစကားတစ်မျိုးမျိုးကို အလယ်တန်းအဆင့်ထိ မသင်မနေရသင်ယူစေခြင်း စတာတွေကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လူငယ်နှင့် အမျိုးသမီးကဏ္ဍနဲ့ပတ်သက်ရင် ဒီနေ့လုပ်ဆောင်ချက်တွေဟာ အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် ရလဒ်ကောင်းတွေဖြစ်ထွန်းပေါ်ပေါက်စေဖို့ ဖော်ဆောင်ပေးနေခြင်းဖြစ်ပါတယ်။ အနာဂတ်လူငယ်တွေအတွက် ပဋိပက္ခတွေ၊ နည်းပညာနောက်ကျမှုတွေ စတဲ့လိုအပ်ချက်တွေကို ချန်ထားခဲ့မှာမဟုတ်ဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်တွေအဖြစ် အမွေပေးနိုင်အောင် အဆင့်ဆင့်တိုးမြှင့်အကောင်အထည်ဖော်သွားပါမယ်။

ကျန်းမာရေးကဏ္ဍအနေနဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို တိုးချဲ့မြှင့်တင်ခြင်း၊ ကျေးလက်ဒေသတွေမှာ လူတိုင်းလက်လှမ်းတမီ ကျန်းမာရေးစောင့်ရှောက်မှုစနစ် လွှမ်းခြုံနိုင်မှုကို ပိုမိုကျယ်ပြန့်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၊ ပြည်သူ၊ ပုဂ္ဂလိက၊ ပရဟိတ စတဲ့အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်ထူထောင်ခြင်း၊ ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးလုပ်သားများဖြည့်တင်းခြင်း၊ ဆေးကုသမှုစရိတ်များသက်သာအောင် ဆောင်ရွက်ခြင်း၊ ဖြည့်တင်းပေးခြင်းတွေကို တိုးမြှင့်ဆောင်ရွက်သွားပါမယ်။

ပြည်တွင်း၊ ပြည်ပမှထုတ်လုပ်တင်သွင်းတဲ့ စားသောက်ကုန်တွေကို ကျန်းမာရေးနဲ့ညီညွတ်စေဖို့အတွက် အစားအသောက်ဆေးဝါးစစ်ဆေးရေးအဖွဲ့အစည်း(FDA)ကဲ့သို့သော အဖွဲ့အစည်းတွေကို တိုးချဲ့ဖွဲ့စည်းပြီး ကြပ်မတ်ဆောင်ရွက်သွားပါမယ်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးမြှင့်စေရေးအတွက် ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ပြည်ပရှိ မြန်မာသံရုံးများနဲ့ချိတ်ဆက်ပြီး ခရီးသွားများပြားလာအောင် ဆောင်ရွက်ခြင်း၊ ခရီးသွားဧည့်သည်များအတွက် လုံခြုံပြီး ဆွဲဆောင်နိုင်မှုရှိတဲ့နေရာတွေနဲ့ အဆင့်မီအပန်းဖြေနေရာတွေ၊ တည်းခိုနေရာတွေ၊ လွယ်ကူကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်တွေ၊ ဆက်သွယ်ရေးစနစ်တွေ၊ ပြည်ဝင်ဗီဇာစနစ်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားပါမယ်။

နိုင်ငံအတွင်းရှိ တန်ဖိုးမြင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေကာကွယ်ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်က တရားဝင်ဈေးကွက်ရရှိရေး အစီအမံတွေချမှတ်ဆောင်ရွက်သွားပါမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ပတ်သက်ရင် နိုင်ငံတော်က မူအားဖြင့် သဘောတူညီထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီ့တာဝန်အရေးသုံးပါးကိုအခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖြည့်စွက်ရေးတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စဉ်ဆက်မပြတ်ညှိနှိုင်းလုပ်ဆောင်သွားပါမယ်။

တိုင်းရင်းသားရေးရာကဏ္ဍမှာ တိုင်းရင်းသားတွေရဲ့ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စတာတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားမြှင့်တင်ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ မတူကွဲပြားခြားနားခြင်းကို အင်အားအဖြစ်တည်ဆောက်ကာ ဤမြေဤရေကို အတူတကွ ပူးပေါင်းပိုင်ဆိုင်သူများအဖြစ်ခံယူပြီး လှပသောအနာဂတ်အတွက် လက်တွဲဆောင်ရွက်ရေးကို အလေးပေးဆောင်ရွက်သွားပါမယ်။

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကဏ္ဍဟာ အချိန်ယူပြီး တစ်ဆင့်ချင်း တည်ဆောက်သွားရမယ့်လုပ်ငန်းစဉ်ဖြစ်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ရေး၊ အားလုံးပါဝင်နိုင်ရေး စတဲ့ဆောင်ရွက်ဆဲ နိုင်ငံရေးယဉ်ကျေးမှုအတိုင်း တစ်ဆင့်ချင်း ပိုမိုပီပြင်အောင် ဆောင်ရွက်သွားပါမယ်။

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျား-

ကျွန်တော်တင်ပြလိုသည်များမှာ အများအပြားကျန်ရှိနေပါသေးတယ်။ အခုတင်ပြတဲ့ခေါင်းစဉ်တစ်ခုချင်းဟာလည်း အသေးစိတ်အခြေအနေတွေကို ဖော်ပြနိုင်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့ပါတီအနေနဲ့ ထိရောက်ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကို ပိုမိုကျယ်ဝန်းကောင်းမွန်လာအောင် လုပ်ဆောင်နိုင်မှုစွမ်းရည်များရှိခဲ့ကြောင်း အတိတ်သမိုင်းကြောင်းက အခိုင်အမာသက်သေပြဆိုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံ့တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ဖူးသူတွေလည်း ပါတီမှာ အများအပြားရှိနေဆဲဖြစ်ပါတယ်။

ဒါကြောင့် ခိုင်မာသောဦးဆောင်မှုနဲ့ ကျစ်လျစ်အားကောင်းသော အင်အားကြီးအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ထောက်ခံအားပေး၊ မဲပေးခြင်းဖြင့် “ပိုမိုခိုင်မာ ပြည်မြန်မာကြီး”ကို အားလုံးဝိုင်းဝန်းတည်ဆောက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့အနာဂတ်အစီအမံတွေကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းစဉ်တွေ အတိအကျရှိပြီးဖြစ်ပါတယ်။ အသေးစိတ်ကျယ်ပြန့်စွာ ဆွေးနွေးလိုသူအားလုံးအတွက် အချိန်အခါမရွေး ဖိတ်ခေါ် ကြိုဆိုလျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို လေးစားကျေးဇူးတင်ရှိပါကြောင်းခင်ဗျား။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ဟောပြောမည့်အစီအစဉ်တွင် ထည့်သွင်းမည့်သီချင်းစာသား

ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့<br>
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့<br>
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့<br>
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့<br>
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေလိုအပ်ချက်ကို ဖြည့်ဆည်းဖို့လာပြီ<br>
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေလိုအပ်ချက်ကို ဖြည့်ဆည်းဖို့လာပြီ ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုးဟေ့<br>
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့

# မြစ်ကြီးနားမြို့ အရှေ့လယ်ကုန်းရပ်ကွက် သောင်ဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ သက်တော် ၈၅ နှစ် သိက္ခာတော် ၆၅ ဝါ၏ အန္တိမအဂ္ဂိစျာပနအခမ်းအနား ကျင်းပပြုလုပ်



မြစ်ကြီးနားမြို့ အရှေ့လယ်ကုန်း ရပ်ကွက် သောင်ဦးကျောင်း တိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ သက်တော် ၈၅ နှစ် သိက္ခာတော် ၆၅ ဝါ၏ အန္တိမအဂ္ဂိစျာပန အခမ်းအနား ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အရှေ့လယ်ကုန်းရပ်ကွက် သောင်ဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ သက်တော် ၈၅ နှစ် သိက္ခာတော် ၆၅ ဝါ၏ အန္တိမအဂ္ဂိစျာပနကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ပင့်ဖိတ်ထားသည့် ပြည်နယ်သံဃနာယက အကျိုးတော်ဆောင် ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "သဗ္ဗေသင်္ခါရာ အနိစ္စာတိ" အစချီသော သုံးဂါထာကို ရွတ်ဖတ်၍ စတင်ခဲ့ပြီး တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဦးဉာဏသိန်း(မန္တလေး) က ဘဝနတ်ထံဝင်စံတော်မူသော သောင်ဦးကျောင်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စျာပနကော်မတီဥက္ကဋ္ဌ ပေါ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒက သောင်ဦးကျောင်းဆရာတော်ကြီး၏ တပည့်ရဟန်းသာမဏေများနှင့် ဒါယကာ၊ ဒါယိကာမများကို ဆရာတော်ကြီးအပေါ်၌ အပြစ်ရှိက ခွင့်လွှတ်ပါရန် တောင်းပန်လွှာကို တိုင်တည်ပေးသည်။

ဆက်လက်၍ သောင်ဦးကျောင်းတိုက်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများက ယာယီစံကျောင်းမဏ္ဍပ်သို့ အဆင့်ဆင့်ပင့်ဆောင်ကြသည်။ နေ့လယ်ပိုင်းတွင် ဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော်ကို မြစ်ကြီးနားမြို့အတွင်း စျာပနလမ်းကြောင်းအတိုင်း လှည့်လည်ပူဇော်ခံပြီး လောင်တိုက်တော်၌ အန္တိမအဂ္ဂိစျာပနပူဇာပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. David Leonard Hatu-mena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော်သလေး (KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန်နိုင်ငံသားဦးရေ ၆၀၊ ကင်ညာနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦးနှင့် အိန္ဒိယနိုင်ငံသား ၁၁ ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၆၄၀ ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၂၈၇ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကိုယ်ကိုယ်တိုင်က တံတားဆောက်လမ်းဖောက်တာမျိုးမလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူပြည်သူများအား သတ်ဖြတ်နေသည့်အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ၂၉-၁၀-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၅-၁၁-၂၀၂၅ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဘယ်သူတွေ ဘယ်လိုပဲဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# စွဲချက်မတင်မီ တရားရှင်လွှတ်သည့်အမှုကို ထပ်မံဖွင့်လှစ်နိုင်

## စိန်လှိုင်ဗိုလ်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၄၉၄ (က)အရ စွဲချက်မတင်မီ လွှတ်ခဲ့သည့်အမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းနိုင်သည့် အခွင့်အရေးရှိပါလျက်နှင့် ထပ်မံ၍ အမှုဖွင့်လှစ်ခြင်းကို လက်ခံနိုင်ခြင်းရှိ၊ မရှိနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်ရပ်ဖြစ်ခဲ့ပါသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အဆင့်ထိ ရောက်ရှိသွားပြီး လမ်းညွှန်စီရင်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုအကြောင်းကို ရည်ညွှန်းကိုးကားရေးသား တင်ပြပါဦးမည်။

အောင်လံမြို့နယ်တရားရုံး၊ ၂၀၂၂ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-(၈၅၄) တွင် တရားလို မြတ်သိန်းဇော်က မအေးသက်မွန်အပေါ် အရေးယူပေးရန် ဦးတိုက်လျှောက်ထားခဲ့ရာ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃ အရ အရေးယူရန် ဆုံးဖြတ်ခဲ့သည်။ ထိုအမိန့်ကို မအေးသက်မွန်က အောင်လံခရိုင်တရားရုံးသို့ ၂၀၂၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၄ ဖြင့် တင်သွင်းရာ ပလပ်ခြင်းခံရသဖြင့် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၂၃ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၄၃(ခ)ဖြင့် ဆက်လက်တင်သွင်းရာ အောင်လံမြို့နယ်တရားရုံးနှင့် အောင်လံခရိုင်တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်သည့် အမိန့်ချမှတ်ခဲ့ပါသည်။ တရားလို မြတ်သိန်းဇော်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုတင်သွင်းခဲ့ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

တရားလို မြတ်သိန်းဇော်သည် မအေးသက်မွန်နှင့် ၂၀၁၅ ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး ကွာရှင်းပြတ်စဲမှုမရှိဘဲ ဇနီးဖြစ်သူ မအေးသက်မွန်က ချစ်ကိုကိုဆိုသူနှင့် အိမ်ထောင်ရေးဖောက်ပြန်၍ မကွေးမြို့ရှိ ဟိုတယ်တစ်ခုတွင် လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့သဖြင့် အောင်လံမြို့နယ်တရားရုံး ၂၀၂၂ ခုနှစ် ရာဇဝတ်ကြီး အမှတ်-(၄၄၄)တွင် မအေးသက်မွန်အပေါ် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃ အရ စွဲဆိုခဲ့ရာ မအေးသက်မွန်တို့ဘက်မှ ပြန်လည်ပေါင်းသင်းရန် ကတိပြုပြီး တောင်းပန်ခြင်းများကြောင့် အဆိုပါအမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ အရ ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့ပါသည်။

မအေးသက်မွန်အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေ-၄၉၄(က)အရ စွဲချက်မတင်မီလွှတ်ခဲ့ကြောင်း၊ မအေးသက်မွန်သည် တရားလိုနှင့် ပြန်လည်ပေါင်းသင်းခြင်းမရှိဘဲ တရားလိုကို လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုလာသဖြင့် ယခင်စွဲဆိုခဲ့သည့် အမှုအပေါ် ရုပ်သိမ်းရန်ဆန္ဒမရှိတော့ကြောင်း၊ မအေးသက်မွန်သည် တရားလိုနှင့် ကွာရှင်းပြတ်စဲမှုမရှိဘဲ ချစ်ကိုကိုနှင့် ပေါင်းသင်းနေထိုင်မှုပြုခဲ့သဖြင့် ဥပဒေအရ ပြန်လည်အရေးယူပေးရန် မြတ်သိန်းဇော်မှ တရားလိုပြု၍ ဦးတိုက်လျှောက်ထားလာမှုဖြစ်ပါသည်။

ပြည်သူ့တရားသူကြီးအဖွဲ့၏ လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက ညွှန်ကြားချက်-၁၁၏ အပိုဒ်-၁၂ တွင် **အမှုရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ချမှတ်သောအမိန့်အပေါ် မကျေနပ်သူသည် အဆင့်မြင့်သော တရားရုံးသို့ ကာလစည်းကမ်းသတ်အတွင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်ဟု ဖော်ပြထားရာ မလွဲမသွေ ပြင်ဆင်မှုတက်ရောက်ရမည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ပြင်ဆင်မှုတက်လိုက တက်နိုင်ကြောင်းသာ ဆိုလိုသည့်သဘောဖြစ်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၃ တွင် တစ်ကြိမ်ပြစ်မှုထင်ရှားစီရင်ခံရပြီးသူကိုဖြစ်စေ၊ ပြစ်မှုမှ အပြီးအပြတ်လွှတ်ခြင်းခံရသူကိုဖြစ်စေ၊ အမှုထပ်မံဖွင့်လှစ်နိုင်ခြင်းမရှိသော်လည်း စွဲချက်မတင်မီ တရားရှင်လွှတ်ထားသည့်အမှုကို ထပ်မံဖွင့်လှစ်စစ်ဆေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။**

**ယခင်ချမှတ်ခဲ့သည့် စွဲချက်မတင်မီလွှတ်သည့် အမိန့်ကိုပယ်ဖျက်ရန် ပြင်ဆင်မှု တက်ရောက်ရန် မလိုဘဲ အသစ်ထပ်မံတင်သော တိုက်ရိုက်လျှောက်လွှာကို လက်ခံနိုင်ခွင့်ရှိသည်ဟု ဦးဘိုကြိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၁၉၉၇ မတစ စာ-၅၈ တွင် လမ်းညွှန်ထားပါကြောင်း၊ အမှုရုပ်သိမ်းရေးနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု**



**ရှေ့နေချုပ်နည်းဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်၍ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ်-(၁၁) ကို ကိုးကားဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေနှင့် မညီကြောင်း လျှောက်လဲခဲ့ပါသည်။**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲပါ တရားလို၏ ဦးတိုက်လျှောက်ထားလွှာနှင့် ၎င်းကိုရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၂၀၀ စစ်ဆေးချက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၀၂ စုံစမ်းစစ်ဆေးချက်အရ တရားလို မြတ်သိန်းဇော်သည် လျှောက်ထားခံရသူ မအေးသက်မွန်နှင့် ၂၀၁၅ ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြောင်း ဇနီးဖြစ်သူ မအေးသက်မွန်နှင့် တရားဝင်ကွာရှင်းခြင်းမရှိဘဲ မအေးသက်မွန်မှ ချစ်ကိုကိုဆိုသူနှင့် အိမ်ထောင်ရေးဖောက်ပြန်ကာ မကွေးမြို့ရှိဟိုတယ်တစ်ခုတွင် လင်မယားအဖြစ် ပေါင်းသင်းခဲ့သည့်အတွက် ချစ်ကိုကိုကို ရာဇသတ်ကြီးပုဒ်မ-၄၉၇ အရ တရားစွဲဆိုသကဲ့သို့ ဇနီးဖြစ်သူ မအေးသက်မွန်ကို တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃ အရ အောင်လံမြို့နယ် တရားရုံး ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ်-(၄၄၄) ဖြင့်လည်းကောင်း အမှုဖွင့်ခဲ့ကြောင်း၊ ထိုသို့ အမှုဖွင့်ပြီးနောက် မအေးသက်မွန်က ခွင့်လွှတ်ပေးရန် တောင်းပန်ပြီး အမှုရုပ်သိမ်းပေးရန်နှင့် အမှုပြီးပါမှ ပြန်လည်ပေါင်းသင်းမည်ဟု ဝန်ချတောင်းပန်၍ မအေးသက်မွန်အပေါ် စွဲဆိုသောအမှုကို ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့ရာ မအေးသက်မွန်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ (က)အရ စွဲချက်မတင်မီ လွှတ်ခဲ့ပါသည်။

ထိုနောက်ပိုင်းတွင် မအေးသက်မွန်က တရားလိုအပေါ် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုလာကြောင်း၊ တရားလိုမှ အမှုရုပ်သိမ်းပေးခြင်းအပေါ် မအေးသက်မွန်သည် ကတိပြုထားသည့်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လင်မယားကွာလိုမှုကို စွဲဆိုလာသောကြောင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေအရ စွဲဆိုသောအမှုကို ပြန်လည်အရေးယူပေးရန် ယခုအမှုကို မြတ်သိန်းဇော်က ဦးတိုက်လျှောက်ထားခြင်းဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

အောင်လံမြို့နယ်တရားရုံးက မအေးသက်မွန်အပေါ် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃အရ အရေးယူဆောင်ရွက်ခဲ့သည့် အမိန့်ကို ခရိုင်တရားရုံးက ပြင်ဆင်မှုတွင် ပယ်ဖျက်လိုက်ပါက မအေးသက်မွန်နှင့်ပတ်သက်၍ စစ်ဆေးစီရင်သည့်အမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် **ချေဖျက်သည့်သဘော အနှစ်သာရဖြင့် သက်ရောက်နိုင်ကြောင်း၊** အောင်လံခရိုင်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခွင့်မရှိကြောင်း၊ အဆိုပါမှုသဘောကို **ဦးသောင်းရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၆ ၂၀၀၄ ခုနှစ် မတစ စာ-၃၇** အမှုကို ရည်ညွှန်းခဲ့ပါသည်။

အောင်လံခရိုင်တရားရုံးက မအေးသက်မွန် တင်သွင်းသည့် ရာဇဝတ်ပြင်ဆင်မှုတွင် ဦးတိုက်လျှောက်ထားသည့်အမှုကို လက်ခံဆောင်ရွက်သည့် အဆင့်သာရှိသေးသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၄၃၅ အရ ပြင်ဆင်မှုဖွင့်လှစ်ဆောင်ရွက်ရမည် မဟုတ်ဟုသုံးသပ်ပြီး ပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၆၁(ဃ)ပါ မူလဘူတအာဏာရရှိထားသဖြင့် အောင်လံမြို့နယ်တရားရုံးက မအေးသက်မွန်အပေါ် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃အရ အရေးယူရန်ဆုံးဖြတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်သည့်အမိန့် ချမှတ်နိုင်သော်လည်း ယခင်အမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄(က)အရ စွဲချက်မတင်မီ လွှတ်ခဲ့သည့်အမိန့်အပေါ် ပြင်ဆင်မှု တင်သွင်းနိုင်သည့် အခွင့်အရေးရှိပါလျက်နှင့် ထိုသို့ ဆောင်ရွက်ခြင်းမရှိဘဲ ယခုအမှုကို ထပ်မံဖွင့်လှစ်ခြင်းကို လက်ခံ၍ရမည်မဟုတ်ပေဟု သုံးသပ်ချက်သည် မှန်ကန်ခြင်းရှိ၊ မရှိကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်စိစစ်သုံးသပ်ခဲ့ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၃၏ အဓိပ္ပာယ်ရှင်းလင်းချက်တွင် တရားခံကို စွဲချက်မတင်မီ လွှတ်ထားခြင်းသည် ပုဒ်မ-၄၀၃ ပါ ကိစ္စများအလို့ငှာ **အမှုမှ အပြီးပြတ်လွှတ်ခြင်း မဟုတ်ကြောင်း** ရှင်းလင်းထားသည်။ တရားခံတစ်ယောက်ကို စွဲချက်မတင်မီလွှတ်ခြင်းသည် ၎င်းကိုအမှုမှ အပြီးအပြတ်လွှတ်ရာမရောက်ပေ။ ပထမအကြိမ်စစ်ဆေးစဉ်က စွဲချက်မတင်မီ လွှတ်ခဲ့သောအမှုတစ်မှုတွင် ပထမစွပ်စွဲခံရသည့် ပြစ်မှုနှင့်စပ်လျဉ်းပြီး **တရားခံကို အသစ်တစ်ဖန်စစ်ဆေးခြင်းမပြုရန် ရာဇဝတ်ကျင့်ထုံး ဥပဒေ၌ တားမြစ်ချက်မရှိပေ။** ထို့ကြောင့် စွဲချက်မတင်မီ လွှတ်မိန့်ချခဲ့သော တရားသူကြီးကဖြစ်စေ၊ အခြားအဆင့်တူ တရားသူကြီးကဖြစ်စေ အသစ်ထပ်မံတင်သွင်းသော တိုက်ရိုက်လျှောက်လွှာကို လက်ခံနိုင်ခွင့်ရှိသည်ဟု **ဦးဘိုကြိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂** အမှုတွင် လမ်းညွှန်ထားသည်။

**ယခုအမှုတွင် တရားလို မြတ်သိန်းဇော်က ဒုတိယအကြိမ် ဦးတိုက်လျှောက်ထားသည့်အမှုကို လက်ခံဆောင်ရွက်ခြင်းမပြုရန် ဥပဒေက အတိအလင်း ပိတ်ပင်ထားခြင်း မရှိသည့်အပြင် ပြစ်မှုအင်္ဂါရပ်များ ပေါ်ပေါက်နေသဖြင့် အောင်လံမြို့နယ်တရားရုံးက စွပ်စွဲခံရသူ မအေးသက်မွန်အပေါ် ဒုတိယအကြိမ် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃အရ အရေးယူဆောင်ရွက်ရန် ချမှတ်ခဲ့ခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိဟု မပေါ်ပေါက်ကြောင်း၊ ယခင်အမှုတွင် စွဲချက်မတင်မီ လွှတ်ထားသော မအေးသက်မွန်အပေါ် ထပ်မံအရေးယူဆောင်ရွက်ရန် ချမှတ်သော မြို့နယ်တရားရုံး၏အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။**

အထက်ပါတွေ့ရှိချက်များအရ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်အနေဖြင့် မြတ်သိန်းဇော်၏ ဦးတိုက်လျှောက်ထားမှုတွင် မအေးသက်မွန်အပေါ် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၂၀၄ အရ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃အရ အရေးယူဆောင်ရွက်မှုကို မကျေနပ်သူ မအေးသက်မွန်က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၃၉ အရ အဆင့်ဆင့်တင်သွင်းလာသော ပြင်ဆင်မှုတွင် မအေးသက်မွန်က ပြင်ဆင်မှု တင်သွင်းခွင့်ရှိ၊ မရှိ စိစစ်ခြင်းမပြုဘဲ ယခင်ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ (က)အရ စွဲချက်မတင်မီ လွှတ်ခဲ့သည့် အမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းရန် အခွင့်အရေးရှိပါလျက် ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ ယခုအမှုကို ထပ်မံဖွင့်လှစ်ခြင်းကို လက်ခံရန်အကြောင်းမရှိဟု သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေအရ ညီညွတ်မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်၍ ဤပြင်ဆင်မှုရုံးမှ ဝင်ရောက်စွက်ဖက်ပြင်ဆင်သင့်သည်ဟု သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုသည်။ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်ကိုပယ်ဖျက်လိုက်ပြီး အောင်လံမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုလိုက်ပါသည်။ အောင်လံမြို့နယ်တရားရုံးသည် အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်သွားရန် ညွှန်ကြားလိုက်ပါသည်။

**မြတ်သိန်းဇော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂၊ ၂၀၂၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၄၅၀(ခ)** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

ဝတ္ထုတိုကဏ္ဍ

# ပတ်ဝန်းကျင်

## မုဒိတာနှင်း(မော်လမြိုင်)



(၁)

"ငါးစိမ်းသည်မ ဝင်းကြည်ဆိုတဲ့မိန်းမ ထွက်ခဲ့စမ်း။ ရာရာစစ ငါ့သမီးတက္ကသိုလ်ကျောင်းသူကို လူကြားထဲ အကြွေးတောင်းပြီး အရှက်ခွဲတဲ့မိန်းမ"

"အေး ဟုတ်တယ်။ ငါက ငါးစိမ်းသည်မ ဘာဖြစ်လဲ။ ငါတို့က သမ္မာအာဇီဝနဲ့ ဂုဏ်သိက္ခာရှိရှိ ရှာစားပြီး ရိုးသားစွာရပ်တည်နေတာဟဲ့။ နင့်လို လိုင်းပေါ်မှာ တွေ့သမျှယောကျ်ားတွေကို ရပ်ပြပြီး ချူစားနေတာ မဟုတ်ဘူးဟဲ့ ပိုင်းလုံးမရဲ့။ နင့်အကျင့်နဲ့ အဆင့်ကို ရပ်ကွက်ကလူတွေ အားလုံးသိတယ်။ အပိုတွေ လာပြောမနေနဲ့ ငါ့အိမ်ရှေ့က အခုထွက်သွား"

"မသွားတော့ဘာဖြစ်လဲ၊ ဘာလုပ်ချင်သလဲ။ အိမ်ထဲကနေပေါင်မနေနဲ့ ထွက်ခဲ့စမ်း။ ဘယ့်နှယ် ငါးဖိုးပိုက်ဆံကို သူမရှိလို့ သူ့ယောကျ်ားအရက်သမားကို ပေးလိုက်တာကို ကျုပ်သမီး ကျောင်းသွားတာ လူကြားထဲအကြွေးတောင်းပြီး အရှက်ခွဲတာ။ ရုပ်နဲ့ အကျင့်နဲ့လိုက်တယ်။ အဲဒါကြောင့်လဲ မပြောင်ရောင်ဘဲ စုတ်ပြတ်သတ်နေတာ"

"ငါက မပေးရသေးဘူးထင်လို့ တောင်းတာလေ။ ငါ့အိမ်ရှေ့က ထွက်သွားလို့ ပြောနေတယ်နော်"

"ငါ့သမီးကိုအရှက်ခွဲသလို နင့်ကိုလဲ အရှက်ခွဲရမှ ကျေနပ်မယ် ငါးစိမ်းသည်မရဲ့။ မသွားတော့ ဘာလုပ်မလဲ"

"ဖျန်း ဖျန်း"

"ဘုတ် ဘုတ်"

"ဖျောင်း ဖျောင်း"

"ဟဲ့...လုပ်ကြပါအုံး၊ ဆွဲကြအုံးဟ။ ဟိုမှာ မဝင်းကြည်နဲ့ မအေးမူတို့ နပန်းလုံးနေကြတယ်ဟေ့"

ခြေရင်းအိမ်က ငါးရောင်းသည့် မဝင်းကြည်၏ အိမ်ရှေ့ဘက်မှရန်ဖြစ်ဆဲဆိုရိုက်ပုတ်သံများ ဆူညံနေသောကြောင့် ညနေစာထမင်းစားပြီး ခြံအရှေ့ဘက် အညောင်းပြေလမ်းဆင်းလျှောက်ရန် လှေကားအောက်သို့ရောက်လုနေသော အငြိမ်းစားစာရေးကြီး ဦးမြတ်မောင်တစ်ယောက် အခြေအနေမဟန်သော ရန်ပွဲနှင့် လွတ်ရာသို့ရှောင်၍ အိမ်ပေါ်သို့တက်ခဲ့ပြီး ပြတင်းပေါက်မှလိုက်ကာကို အသာလှစ်ကာ တစ်ဖက်အိမ်မှရန်ပွဲကို ထိတ်လန့်သောမျက်နှာထားဖြင့် ချောင်းကြည့်နေသောဇနီးသည်ဖြစ်သူကို လှမ်းကြည့်၍ စိတ်မသက်မသာဖြင့် ကုလားထိုင်တွင် ထိုင်ချရင်း သက်ပြင်းမောကို ချလိုက်မိသည်။

"အခု စိတ်ပျက်နေရပြီမဟုတ်လား။ ရှင့်ကိုပြောသားပဲ အိမ်နဲ့ခြံဝယ်မယ်ဆိုရင် ပတ်ဝန်းကျင်ကို သေချာလေ့လာပါဆိုတာ။ အရင် မစုံစမ်းမမေးမြန်းဘဲနဲ့ ပွဲစားအလှော်ကောင်းလို့ နေ့ရှိသရွေ့နားဒုက္ခ၊ စိတ်ဆင်းရဲခြင်းဒုက္ခတွေကို ခံစားနေရပြီမဟုတ်လား"

"မင်းကကော ဘာထူးလဲ။ တိုက်ခန်းမှာ နားအေးပါးအေး အခန်းတံခါးပိတ်ပြီးနေရတာကို မြေကြီးမနင်းရလို့ ချိုသလေးဘာလေးနဲ့။ သစ်ရိပ်ဝါးရိပ်အောက်မှာ နေချင်လှချည်ရဲ့လို့ တကျည်ကျည်ဂျီတိုက်နေတာ။ အခုမှ ငါ့လာပြီးအပြစ်ပုံချမနေပါနဲ့"

ဦးမြတ်မောင်က ဇနီးဖြစ်သူကိုပြောရင်း စားပွဲပေါ်မှ ဂျာနယ်တစ်စောင်ကို စိတ်မပါဘဲ ဇနီးသည်အပြောမှသက်သာစေရန် ဟန်ဆောင်ဖတ်နေရင်း တစ်ဖက်ခြေရင်းခြံမှ စကားများသံကို ကျယ်လောင်စွာ ထပ်၍ကြားနေရပြန်သည်။

"မိုးလင်းမိုးချုပ် ဒီအရည်တွေသောက်လို့ကို မဝနိုင်ဘူး။ သုံးဘီးဆွဲလို့ရတဲ့ပိုက်ဆံလဲ ဈေးဖိုးလောက်မသဒ္ဓါရေစာပေးပြီး အရည်တွေသောက်ပစ်လို့ အားမရဘူး။ ငါးဖိုးအကြွေးလာပေးတဲ့ငွေကိုတောင် လှည့်သုံးပြီး သောက်လိုက်သေးတယ် အယုတ်တမာကောင်ရဲ့။ နင့်ကြောင့်ရန်ဖြစ်ရတာ"

ဒေါ်ကျော့မေက ထိုင်ရာမှ လေးတွဲစွာထရပ်၍ ခြေရင်းအိမ်မှ အယုတ္တအနတ္တစကားသံများမှ နားသက်သာလိုသက်သာငြား တံခါးကိုလုံအောင်ဆွဲစေ့၍ ပိတ်လိုက်သည့်တိုင် အချည်းအနှီးပင်ဖြစ်ပါတော့သည်။

(၂)

ဦးမြတ်မောင်တို့ အငြိမ်းစားဇနီးမောင်နှံနှစ်ဦးတို့၏ သားသမီးသုံးဦးမှာ ပညာ၊ ကြင်ယာစုံကြ၍ သျှောင်နောက်ဆံထုံးပါ၊ ဆံထုံးနောက်သျှောင်ပါဆိုသလို အသီးသီးအိမ်ထောင်ရက်သားကျ၍ အိမ်ခွဲထွက်သွားခဲ့ကြသည်ဖြစ်၍ နိုင်ငံခြားရောက်နေသည့် သားအထောက်အပံ့ဖြင့် ပိုလျှံသောငွေကလေးဖြင့် ယခင်နေထိုင်ခဲ့သော မြို့ထဲမှတိုက်ခန်းလေးကို ရောင်းချခဲ့ပြီး လက်ရှိနေထိုင်လျက်ရှိသော ဆင်ခြေဖုံးရပ်ကွက်ကလေးမှာ ပေ(၄၀x၆၀) လုံးချင်းတစ်ထပ်တိုက်ပုကလေးနှင့်အတူသီးပင်စားပင်အစုံဖြင့် နေချင့်စဖွယ်ခြံဝင်းကလေးကို ဦးမြတ်မောင်က မျက်စိကျပြီး ဝယ်ဖြစ်ခဲ့တာမို့ ယခုပြောင်းရွှေ့လာခဲ့ကြသည်မှာ သုံးလပြည့်တော့မည်ဖြစ်သော်လည်း ခြေရင်းအိမ်မှ ငါးရောင်းသည့် မဝင်းကြည်ဆိုသော အမျိုးသမီးနှင့် အတူ သူ့အမျိုးသားဆိုသူက သူ၏ အစ်ကိုဝမ်းကွဲတော်စပ်သူ၏ မီနီအိုးဝေ(သုံးဘီး)မောင်းသည့် ယာဥ်လုပ်သားတစ်ဦးဟုသိရသည်။ သားသမီး ဘုစုခရုကလေးများလည်း လေး၊ ငါးဦးခန့် တွေ့ရသည်။ တစ်နေ့တာ သုံးဘီးမောင်း၍ရသောငွေကို သတ်မှတ်ထားသောအုံနာခနှင့် သုံးဘီးကားကို ပိုင်ရှင်အစ်ကိုဝမ်းကွဲအိမ်ကိုအပ်နှံခဲ့ပြီး အရက်တမြမြဖြင့် မှောင်စပျိုးချိန်တွင် သီချင်းတကြော်ကြော်ဖြင့် အိမ်ပြန်လာတတ်လေသည်။

ဦးမြတ်မောင်တို့ပြောင်းလာခါစတွင် ခြေရင်းအိမ်က မဝင်းကြည်တို့ဇနီးမောင်နှံကူးလာခဲ့ပြီး လာရောက်မိတ်ဆက်နှုတ်ဆက်ခဲ့ကြသည်ကို ဦးမြတ်မောင် ယနေ့တိုင် အမှတ်ရနေမိသည်။

"ဘဘနဲ့ ကြီးမေတို့ ဘာများကူညီပေးရမလဲ။ အကူအညီလိုရင် ပြောပါနော်"ဟု တလေးတစားမေးဖော်ရခဲ့ကြသည်။ ဒေါ်ကျော့မေက ထိုခြေရင်းအိမ်မှမိသားစု၏ နေ့ရှိသရွေ့ ဆူညံနေသော စရိုက်ကြမ်းမှုကို အနည်းငယ်ရိပ်မိနေခဲ့တာလည်းဖြစ်သည်။

"သြော်...ရပါတယ် တူမရေ။ ကြီးမေတို့သားသမီးတွေနဲ့ အလုပ်သမားတွေ ဝိုင်းလုပ်နေကြပါတယ်။ ကျေးဇူးတင်ပါတယ်ကွယ်"ဟူ၍ အချိုသတ်၍ ပြောလိုက်ရလေသည်။

နေ့ရှိသရွေ့ ဆူညံနေကြသော၊ စရိုက်ကြမ်းသော ထိုမိသားစုနှင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်ရှားရသည်ကလည်း ပင်ပန်းရသည်။ မလွှဲသာမရှောင်သာ မျက်နှာချင်းဆိုင်တွေ့ရသည့်အခါများတွင် ဒေါ်ကျော့မေကို တလေးတစားပြုံးပြနှုတ်ဆက်တတ်သည့် ထိုမိသားစုလေးကို အလိုက်သင့်ဟန်ဆောင်ဆက်ဆံမှုအတွက်လည်း ခက်ခဲပင်ပန်းရသလိုပင်။

(၃)

ခေါင်းရင်းခြံရှိ အိမ်ကလေးမှာတော့ အချိန်တိုင်း ငြိမ်သက်တိတ်ဆိတ်နေတတ်သည်။ ဒေါ်ကျော့မေတို့ ပြောင်းလာခါစ မစပ်စုတတ်သည်လား၊ ပင်ကိုအနေရှင်းသည်လားမပြောတတ်။ ပြတင်းတံခါးမှပင လှမ်း၍မကြည့်ခဲ့ကြပါ။ မိသားစုသုံးဦးသာရှိသည့် ထိုအိမ်မှ ဇနီးမောင်နှံတို့မှာ ဒေါ်ကျော့မေ ခြံထဲဆင်း၍ ပန်းပင်ရေလောင်းနေသည့်အခါ အမှတ်မထင် မျက်နှာချင်းဆိုင်ဆုံမိကြသည့်အခါ အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းညိတ်ပြုံးပြတတ်ကြသည့် အိမ်ပိုင်ရှင်ဇနီးမောင်နှံကို တစ်ခါတစ်ရံ တွေ့ရလေသည်။ ဒေါ်ကျော့မေတို့ အိမ်တက်ဆွမ်းကျွေးဖိတ်တုန်းက ထိုခေါင်းရင်းအိမ်မှ ဇနီးမောင်နှံတို့ ခင်မင်ရင်းနှီးစွာ တလေးတစားရောက်ရှိခဲ့ကြသည်ကိုလည်း အားရကျေနပ်စွာ၊ ဧည့်ဝတ်ကျေစွာဖြင့် ဒေါ်ကျော့မေက ပျာပျာသလဲဖြင့်–

"အိမ်အပြန် တူမအမေစားဖို့ ထည့်ပေးလိုက်တယ်။ ယူသွားနော်"ဟုဆိုကာ သုံးဆင့်ချိုင့်ဖြင့် အုန်းနို့ခေါက်ဆွဲများထည့်ပေးလိုက်သောအခါ–

"အမေက သွေးတိုးကော၊ ဆီးချိုရောဂါပါ ရှိနေတာမို့ ယူမသွားတော့ဘူး ကြီးမေ"ဟုပြောပြီး ထားခဲ့သောချိုင့်ကို ဦးမြင့်မောင်ကလှမ်းယူလိုက်ပြီး ခြေရင်းအိမ်မှ ဘုစုခရုအင်အားတောင့်စွာ တစ်ယောက်မချန်ခေါ်လာခဲ့သော မဝင်းကြည်တို့မိသားစုအား ကမ်းပေးလိုက်သည်ကို ဧည့်ခံနေသော ဒေါ်ကျော့မေက လှမ်းမြင်လိုက်ပါ၏။

"ကဲ...မဝင်းကြည်ရေ အိမ်က ညည်းအဖေအတွက် ယူသွားလိုက်ပါအုံး"

"အတော်ပဲ ဘကြီးရေ အဖေက အုန်းနို့ခေါက်ဆွဲ တအားကြိုက်တာ။ ဟဲ့... အလတ်ကောင် မြန်မြန်စားပြီး ချိုင့်သွားပို့ပေးလိုက် အဘိုးဆာနေတော့မယ်။ အမေ ကြီးမေတို့ကို ပန်းကန်ကူဆေးပေးပြီး ပြန်လာခဲ့မယ်"

"အမေကလဲ ဒီမှာ တစ်ပန်းကန်ပဲ စားရသေးတယ်။ မဝသေးဘူး ထပ်ယူရအုံးမယ်"ဟု ပြောရင်း အလတ်ကောင်လေးက နှုတ်ခမ်းနားသို့ထွက်ကျလာသော ဝါကျင်ကျင်နှပ်အရည်များကို ရှုံ့ခနဲမြည်အောင် နှာခေါင်းထဲသို့ ပြန်ရှုံ့သွင်းလိုက်ပြီး အုန်းနို့ခေါက်ဆွဲပန်းကန်ထဲသို့ ဘဲဥနှင့် ကြက်သားဖတ်များခပ်ထည့်ပြီး အားပါးတရငုံ့စားနေလေတော့သည်။

"အေးပါသားလေးရယ် ဗိုက်ဝအောင်စားပြီးမှ အဘိုးအတွက် သွားပို့ပေးပါ၊ ဟုတ်ပြီလား"

ဘေးမှရပ်နေသော ဦးမြတ်မောင်က ရယ်ကျဲကျဲပြောလိုက်သောအခါ အခြားစားပွဲမှ လူတချို့က မဝင်းကြည်တို့မိသားစုစားပွဲဆီ ပြုံးစစလှမ်းကြည့်ကြလေသည်။ ဦးမြတ်မောင်က ဒီရပ်ကွက်လေးသို့ ပြောင်းလာခါစက အိမ်တက်ဆွမ်းကျွေးခဲ့သည့် နောက်ကြောင်းများကို ပြန်စဉ်းစားတွေးတောနေရင်း သောက်လက်စဆေးတံကို မီးငြှိမ်းသတ်၍ အိပ်ရာဝင်ရန် ကုလားထိုင်မှ ထရပ်လိုက်သောအခါ ခေါင်းထဲမှ မူးဝေနောက်ကျိသလိုဝေဒနာ ခံစားလာရ၍ အိပ်ခန်းတံခါးကိုလှမ်းကိုင်ရင်း မျက်စိမှိတ်ပြီး ခဏငြိမ်သက်စွာရပ်နေလိုက်ရသည်။ ညဉ့်နက်လာခဲ့ပြီဖြစ်သည်မို့ ဇနီးသည်က အိပ်ရာဝင်နှင့်နေပြီဖြစ်သည်။ မတ်တတ်ရပ်လျက်အနေအထားမှာပင် မဟန်နိုင်တော့သည့်အနေအထားမို့ ဦးမြတ်မောင်သည် ဖြည်းညင်းစွာထိုင်ချမည်အပြု ချာချာလည်သွားသည့် သူ၏ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ဘဲ"ဝုန်းခနဲ" ပြိုလဲကျသွားသည်ကို ခံစားလိုက်ရပြီး ဇနီးသည်၏ အလန့်တကြားအော်ဟစ်သံကို ကြားသိလိုက်ရပြီးနောက် ဘာမှမသိတော့ပါ။

ဒေါ်ကျော့မေသည် ခင်ပွန်းသည် အိပ်ခန်းဝတွင် လဲကျသံကြီးကြောင့် လန့်နိုးလာခဲ့ပြီး ဘေးစောင်းအနေအထားဖြင့် သတိလစ်မေ့မျောနေသော ဦးမြတ်မောင်၏ခန္ဓာကိုယ်ကို လှုပ်ယမ်းပြီးခေါ်ကြည့်ရာ စကားမေးမရတော့သဖြင့် အိမ်တံခါးဖွင့်ပြီး ခေါင်းရင်းအိမ်မှ ကားရှိသည့်ဇနီးမောင်နှံကို ဆေးရုံပို့ပေးရန် အကူအညီတောင်းဖို့ စဉ်းစားလိုက်စဉ်–

စာမျက်နှာ ၂၇ သို့ á

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၁၃၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၁၃၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၈၂ ဧက၊ ဖူးစားပြောင်း ဧက ၇၉၄၀ စုစုပေါင်း ၉၀၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ဧက ၂၉၀ နှင့် ဖူးစားပြောင်း ၁၀၉၇ ဧက စုစုပေါင်း ၁၃၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းပညာသင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် တိုးချဲ့ စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၃၇ ဧက စိုက်ပျိုးမည်

**ပုသိမ် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၃၇ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါငရုတ်များ လျာထားဧကအတိုင်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ် ၁၅၃၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးသွားမှာပါ။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်း ဆောင်ရွက်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

ငရုတ်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့ စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ငရုတ်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၆ မှအဆက်**

"ဘာဖြစ်လို့လဲ ကြီးမေ"

ခြေရင်းအိမ်မှ မဝင်းကြည်တို့လင်မယား အပြေးထွက်လာကြသည်။

"နင့်ဘကြီး ဘာဖြစ်လဲမသိဘူး။ လဲကျပြီးသတိလစ်သွားတာ ခေါ်လို့မရတော့ဘူး"

မဝင်းကြည်တို့လင်မယား အိမ်ပေါ်သို့တက်ကြည့်လိုက်သည့်အခါ ဦးမြတ်မောင်အခြေအနေကိုကြည့်၍ မဝင်းကြည်ယောကျ်ားက သူ၏အစ်ကိုဝမ်းကွဲအိမ်ရှိရာ လမ်းထိပ်သို့အပြေးသွား၍ သူမောင်းနေကျသုံးဘီးကိုထုတ်လာခဲ့ပြီး ဦးမြတ်မောင်ကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့လေသည်။ တစ်ဖက်ခြံကို လှမ်းကြည့်လိုက်သောအခါ အပ်ကျသံပင်မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

(၄)

မဝင်းကြည်တို့ ဇနီးမောင်နှံကူညီမှုဖြင့် ဦးမြတ်မောင်တစ်ယောက် ဆေးရုံသို့အချိန်မီ ပို့ဆောင်နိုင်ခဲ့သောကြောင့် ဆိုးဆိုးဝါးဝါးဘက်သို့ မရောက်ခဲ့ပါ။ စကားပြောလျှင် အနည်းငယ်အာလေးနေရုံ လေဖျန်းခဲ့ခြင်းဖြစ်ပါ၏။ စနစ်တကျဆေးဝါးကုသမှုခံယူပြီးပါက ပကတိပြန်ကောင်းလာမည်ဟု ဆရာဝန်ကြီးများက ပြောသည်။ ယခုဆိုလျှင် အဝေးမှ သားသမီးများရောက်ရှိလာကြပြီဖြစ်သည်နှင့်အညီ သက်သာလာခဲ့သည်မို့ ဦးမြတ်မောင်မှာ ဆေးရုံမှဆင်းခွင့်ရခဲ့ပြီပဲဖြစ်ပါ၏။

ဒေါ်ကျော့မေမှာ သူ လတ်တလောရင်ဆိုင်ကြုံတွေ့ခဲ့ရသော အတွေ့အကြုံဖြင့် သူအထင်ကြီးခဲ့သောပတ်ဝန်းကျင်နှင့် အပေါ်ယံကိုကြည့်ပြီး သူအထင်သေးခဲ့သောပတ်ဝန်းကျင် နှစ်ခုကို ခွဲခြားစရာမလိုဘဲ ကွဲပြားစွာလက်ခံနိုင်ခဲ့ပြီပဲဖြစ်သည်။ ယခုဆိုလျှင် မဝင်းကြည်တို့မိသားစုလေးသည် အိမ်နီးချင်းအငြိမ်းစားကျောင်းဆရာမကြီးတစ်ဦးဖြစ်သူ ဒေါ်ကျော့မေ၏ ဆုံးမလမ်းပြမှုအောက်တွင် ယဉ်ကျေးသိမ်မွေ့လာခဲ့သည်မှာ သိသာလာခဲ့ပြီဖြစ်သလို မဝင်းကြည်၏ သားသမီးဘုစုခရုကလေးများသည်လည်း ယခင်ကလို ကျောင်းမှပြန်လာသည့်အခါ ဆူညံစွာဆော့ကစားမနေကြတော့ဘဲ ကျောင်းကပေးလိုက်သောအိမ်စာနှင့် မရှင်းလင်းသည့်သင်ခန်းစာများကို ဒေါ်ကျော့မေထံတွင်သင်ယူလျက် ယဉ်ကျေးလိမ္မာသောကလေးယဉ်လေးများအသွင် ချစ်ခင်ဖွယ်ပြောင်းလဲလာခဲ့ကြသည်မှာ ကြည်နူးချမ်းမြေ့စရာကောင်းလှပါတော့သည်။

## သေရည်ရှောင်ပါ

\- အရက်ကို စွဲမက်အထူး
သောက်သုံးမူး မှားတတ်ကာ၊
အမှန်တွေ ပျောက်ဆုံးကြတော့
ဘဝပျက်လာ၊
အရက်၏ ကျေးကျွန်မှာ
ဆိုးရွားစွာ ပေးဆပ်မြဲ၊
ပြိုကွဲနိုင် မိသားစုရယ်
ဂုဏ်ထုတို့မွဲ။

\- ရှောင်ကြဉ်လေ သတိတွဲ
ဆင်ခြင်ခွဲ အမှားမှန်၊
လူတွေကို မိုက်မှားလမ်း
လျှောက်လှမ်းရပြန်၊
မကောင်းသော အရက်ရန်
အသိဉာဏ်နဲ့ ကွေကွင်း၊
စိတ်ညစ်သော် အရက်သောက်တော့
လမ်းကောက်ဆွေရင်း။

\- အပျော်ရှာ သောက်သုံးခြင်းကိုလ
ချက်ချင်းပဲ ရှောင်ကြဉ်လေ၊
အချိန်ကုန် ငွေပျောက်ရှ
ကျဆုံးစိတ်တွေ၊
ယစ်မူးတဲ့ သေရည်ပေ
စွန့်ခွာအဆွေ ကြိုးစား၊
အရက်ကို မသောက်သုံးဘဲ
ရှန်းထွက်စို့လား။ ။

**မောင်မျိုးချစ်(အညာမြေ)**

# လင်းခေးမြို့နယ် တီညုကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လင်းခေး အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တီညုကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက တီညုကျေးရွာမှ ဖိုင်လင်းဆည်ထိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တီညုကျေးရွာမှဖိုင်လင်းဆည်ထိ အရှည်တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ချမ်းမြေ့ဗဗ္ဗူကုမ္ပဏီ၏ စက်ယန္တရားများဖြင့် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ ဒသမ ၇၇၇ သန်းအသုံးပြု၍ ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက တီညုကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်၊ ထွက်ကုန်များကို အလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# မျိုးဆက်သစ်များ စာရိတ္တမြင့်မားဖို့ အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့

လူငယ်များသည် လူမှုအသိုက်အဝန်းနှင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးပင်ဖြစ်သည်။ ထိုလူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိပြီး လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံသားကောင်းများဖြစ်ပေါ်လာစေရေးအတွက် အလေးထားလုပ်ဆောင်သွားရန် လိုအပ်သည်။ အထူးသဖြင့် လူငယ်များ၏ စာရိတ္တမြင့်မားရေး၊ နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များ၏အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်နိုင်ရေးတို့အတွက် စနစ်တကျပြုစုပျိုးထောင်ပေးသွားရန်လိုအပ်သည်။

**စာရိတ္တဆိုသည်မှာ**

အမှန်တော့ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသည် ကျွန်တော်တို့လူသားများ အကျင့်စာရိတ္တမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက် ကုသိုလ်နှင့်အကုသိုလ်တို့၏ အကျိုးအပြစ်များကို ခွဲခြားဟောကြားတော်မူခဲ့သည်။ အထူးသဖြင့် သီလစောင့်ထိန်းရန် တိုက်တွန်းဟောကြားတော်မူခဲ့သည်။ လူတစ်ဦးသည် အကျင့်စာရိတ္တဟူသော ကိုယ်ကျင့်တရားသာ ကောင်းမွန်နေမည်ဆိုလျှင် အဘက်ဘက်မှပြည့်စုံနေမည်ဖြစ်သည်။ စာရိတ္တကောင်းမွန်သောသူသည် မိသားစု၊ လူ့အသိုက်အဝန်းနှင့်နိုင်ငံတော်ကို အကျိုးပြုနိုင်မည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် စာရိတ္တယိုယွင်းသောသူသည် လူ့အသိုက်အဝန်းကို အန္တရာယ်ပြုနိုင်သည်။ ထို့ကြောင့် စာရိတ္တသည် လူတစ်ဦးအတွက် အသက်တမျှပင်အရေးပါလျက်ရှိသည်။

**လမ်းမှားမရောက်စေရေး**

လက်ရှိအချိန်တွင် တိုးတက်လာသော နည်းပညာနှင့်အတူ အချို့သောလူငယ်များသည် စမတ်ဖုန်းများကို တလွဲအသုံးချကာ အဖျက်အမှောင့်ကိုအားပေးသော ဂိမ်းများကို အလွန်အကျွံကစားခြင်း၊ အစွန်းရောက်နှင့် လိင်အသားပေးဇာတ်ကားများကြည့်ရှုခြင်း၊ ဆေးလိပ်၊ အရက်၊ ဘီယာနှင့် မူးယစ်ဆေးဝါးများသုံးစွဲခြင်း၊ အွန်လိုင်းလောင်းကစားပြုလုပ်ခြင်းအပါအဝင် စာရိတ္တယိုယွင်းပျက်ပြားစေသည့်အပြုအမူများကို ပြုလုပ်လာကြသည်။ အထူးသဖြင့် မြန်မာတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုတို့နှင့်ဆန့်ကျင်သည့် တိုင်းတစ်ပါးအပြုအမူများကို အတုခိုးကာ အရှက်အကြောက်ကင်းမဲ့သော အဖော်အချွတ်ပုံစံများ ဝတ်စားဆင်ယင်လာခြင်း၊ ပြောဆိုပြုမူလာခြင်း၊ အရွယ်မရောက်သေးမီ လိင်ကိစ္စကို စိတ်ပါဝင်စားလာခြင်း စသည့်အကျင့်စာရိတ္တယိုယွင်းသည့်လုပ်ရပ်များကို လုပ်ဆောင်လာကြသည်။

ယခုဆိုလျှင် အသက် ၁၈ နှစ်ခန့်သာရှိသော လူငယ်တချို့သည် လူသတ်မှုကျူးလွန်ခြင်းအပါအဝင် မကောင်းမှုဒုစရိုက်များကို လက်ရဲဇက်ရဲ လုပ်ဆောင်လာနေပြီဖြစ်သည်။ ပြစ်မှုကျူးလွန်ခဲ့သော လူငယ်များသည် မကောင်းမှုလုပ်ရပ်များကို အတုမြင်အတတ်သင်လက်တည့်စမ်းခြင်း၊ အရက်သေစာသောက်စားခြင်းတို့ကို လုပ်ဆောင်ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လူငယ်များ စာရိတ္တမြင့်မားရေးနှင့် လမ်းမှားမရောက်စေရေးအတွက် မိဘအုပ်ထိန်းသူများအပါအဝင် ပတ်ဝန်းကျင်မှလည်း ဝိုင်းဝန်းထိန်းသိမ်းသွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ သို့မှသာလျှင် တည်ငြိမ်အေးချမ်းသော လူ့အသိုက်အဝန်းကို တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

**❖ စင်စစ်အားဖြင့် မျိုးဆက်သစ်လူငယ်များကို ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ၊ အတတ်ပညာများတတ်မြောက်စေရန်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့်ကောင်းမြတ်သောအရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ထိုသို့ လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတော်တိုးတက်ရေးအတွက် ကောင်းမွန်သည့် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။❖**

**စနစ်တကျပြုစုပျိုးထောင်သင့်**

ဆိုရလျှင် လူငယ်များကို စာရိတ္တကောင်းမွန်ရေး မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်သာ လူ့အသိုက်အဝန်းနှင့် အနာဂတ်နိုင်ငံတော်ကို မြင့်မားအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ အကျင့်စာရိတ္တကောင်းမွန်သူ၊ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ် မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူလူငယ်များဖြင့်သာ နိုင်ငံကို ကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန် ပြည့်စုံနေအောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပေသည်။

အမှန်တော့ လူငယ်များသည် လူကြီးများကို ကြည့်ကာ အတုမြင်အတတ်သင်တတ်ပေသည်။ ထို့ကြောင့် လူကြီးများသည် လူငယ်များကို ပြောဆိုပြုမူဆက်ဆံရာတွင် ကရုဏာတရား၊ မေတ္တာတရား၊ ကိုယ်ချင်းစာတရားတို့ကို လက်ကိုင်ထား၍ ထိတွေ့ဆက်ဆံသွားရန်လိုအပ်သည်။ ကလေးများက သိလိုသည်များကို မေးမြန်းလျှင်လည်း ကျိုးကြောင်းဆီလျော်စွာပြောဆိုဆွေးနွေးသွားသင့်သည်။ သို့မှသာလျှင် ပတ်ဝန်းကျင်အပေါ် အကောင်းမြင်သောစိတ်ဓာတ်များ ကိန်းအောင်းလာစေမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်များကို ပြဿနာဖြေရှင်းရာ၌ ငြိမ်းချမ်းစွာ ဖြေရှင်းတတ်စေရန် အလေးထားသင်ကြား ပျိုးထောင်သွားသင့်ပေသည်။

စာရိတ္တကောင်းမွန်သော မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန် ငယ်စဉ်ကတည်းက စနစ်တကျပြုစုပျိုးထောင်သွားရန်လိုအပ်သည်။ မိဘအုပ်ထိန်းသူများကိုယ်တိုင်ကလည်း စာရိတ္တကောင်းမွန်နေမှသာလျှင် သား၊ သမီးများကို တော်တည့်မှန်ကန်စွာ ထိန်းကျောင်းပြုစု သွားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ နေထိုင်ရာနေရာနှင့် ပညာသင်ယူသည့်နေရာတို့သည် မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်နှင့် လောင်းကစားတို့ ကင်းစင်သည့် ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်နေရန် လိုအပ်သည်။

ထို့ကြောင့် ငယ်စဉ်ကတည်းက ကျောင်းသား၊ ကျောင်းသူလူငယ်များကို ပြုစုပျိုးထောင်ရာတွင် ကျောင်းသင်ခန်းစာ၊ စာပေဗဟုသုတများကို ထူးချွန်အောင် လေ့ကျင့်သင်ကြားပေးရုံသာမက ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန်၊ ယဉ်ကျေးလိမ္မာရန်၊ စာရိတ္တကောင်းမွန်၍ အသင်းအဖွဲ့စိတ်ဓာတ်များဖြင့် ဆောင်ရွက်တတ်စေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားရန်လိုအပ်သည်။ အမှန်တော့ လူငယ်များ၏ သဘောသဘာဝသည် အမှန်တရားကို မြတ်နိုးခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်း၊ ဖျတ်လတ်တက်ကြွခြင်း၊ အရာရာကို တီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်စားခြင်းစသည့် ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားရှိသည်။ ထိုသို့ အမှန်တရားကိုမြတ်နိုးသော လူငယ်များ စာရိတ္တတိုးတက်ကောင်းမွန်လာစေရန်၊ လမ်းမှားမရောက်စေရန်၊ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်ကိန်းအောင်းလာစေရန်၊ အထူးသဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်အတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးသွားရန် လိုအပ်ပေသည်။

**မျိုးဆက်သစ်များ စာရိတ္တမြင့်မားဖို့ အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့**

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း နောင်တစ်ချိန်တွင် အနာဂတ်အတွက် ပခုံးပြောင်းတာဝန်ကို လက်ဆင့်ကမ်းထမ်းရွက်မည့်သူသည် လက်ရှိလူငယ်များပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို အကျင့်စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ ကဏ္ဍတိုင်းတွင် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏ ဖြူစင်သော နှလုံးသားတွင် မိမိကိုယ်ကိုတန်ဖိုးထားတတ်စေရန်၊ မိမိအသိုက်အဝန်းနှင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် ကာကွယ်စောင့်ရှောက်သွားလိုသော စိတ်ဓာတ်ကိန်းအောင်းလာစေရန် ဝိုင်းဝန်းပျိုးထောင်သွားရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် မျိုးဆက်သစ်လူငယ်များကို ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ၊ အတတ်ပညာများတတ်မြောက်စေရန်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့်ကောင်းမြတ်သောအရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ထိုသို့ လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတော်တိုးတက်ရေးအတွက် ကောင်းမွန်သည့် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ထိုသို့ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ဦးဆောင်မည့်လူငယ်များ စာရိတ္တကောင်းမွန်လာစေရန်အတွက် ငယ်စဉ်ကတည်းက ကိုယ်ချင်းစာတရား ထားတတ်စေရန်၊ မေတ္တာထားတတ်စေရန်၊ ကူညီရိုင်းပင်းလိုစိတ်ရှိလာစေရန်၊ အမှန်တရားကို တန်ဖိုးထားတတ်စေရန်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားသင့်ပေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် လမ်းမှန်ကိုလျှောက်လှမ်းနိုင်ရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

ဗုဒ္ဓံ ဓမ္မံ သံဃံ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့်၊ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား၊ Ph:09-780678007

ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့်၊ Ph:09-880909040

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် –

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ရာတွင်ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။
- မဲရလဒ်စာရင်းများ ဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တို့ အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"

"လွတ်လပ်မျှတ၊ မဲပေးကြ"

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၇၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၅၇၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၇၅၄ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၁၃၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှု အနေနဲ့ကော၊ ဆီထွက်သီးနှံအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နှမ်းစိုက်ပျိုး တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပွင့်တောက်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ပွင့်တောက်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၇၅ သန်းကို ပွင့်တောက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပွင့်တောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၃၇ ဒသမ ၇၅ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ် ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

ချိုလေး

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၁၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၁၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။







## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ပညာ့ဗိမာန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-5 တွင် ပညာသင်ကြားနေသော မလေီဇဗက်၏ဖခင်အမည်မှန်မှာ ဦးချန်ဖြစ်ပါကြောင်း။ **ဦးချန်(၁၃/ကခန(နိုင်)၁၄၂၁၀၉)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်နေ မောင်တော်လုံးရှင် (ဘ) ဦးတော်ချွင်းဖု(၁၃/တမည(နိုင်)၀၀၅၀၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-798061163**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်နေ အောင်နိုင်သင်း (ဘ) ဦးချစ်ဟန်(၅/ကဘလ(နိုင်)၁၉၁၃၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-221236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-400306167**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့အကွက်(၄၂၃)၊ လန်ဒန်ဝန်းရပ်နေ ဦးအောင်မင်း + ဒေါ်ချိုချိုဦးတို့၏သမီး မအေမီ(၉/မဟမ(နိုင်)၀၇၆၉၁၄)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးအောင်မင်း(၉/မဟမ(နိုင်)၀၂၇၀၇၄)**
**ဒေါ်ချိုချိုဦး(၉/မဟမ(နိုင်)၀၂၇၃၀၀)**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၅၅)ရှိ မြေကွက်ပေါ်တွင် ဦးဇော်မင်းကျော်(၉/မခန(နိုင်)၀၀၅၁၅၈) ကိုင်ဆောင်သူမှ အလျား Ironframe(ဝန်းခြံ) (၁)ထပ်ခွဲ အဆောက်အဦးနှင့် ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေး**

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက် ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ နိုင်ငံတော်၏ စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ ကုန်ထုတ်စွမ်းအားနှင့် ကုန်သွယ်မှုကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၀ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း နှစ်ကျောင်း ထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး



သီပေါမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘော်ကြို)နှင့် အခြေခံပညာမူလတန်းကျောင်း(တိန်းချေတိန်းစံ)တို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

သီပေါမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်ထိ အခြေခံပညာကျောင်းလေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်း နှစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်းအခြေခံပညာကျောင်း ခြောက်ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၁၉ ကော်လံ ၁** ☆

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပမည့် နေ့ရက်နှင့် ပါဝင်သည့်မြို့နယ်များ သတ်မှတ်ကြေညာ စာမျက်နှာ - ၂၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်းလိုက် နေ့ရက်များတွင် ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာ စာမျက်နှာ - ၂၀

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၂ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"(MONTHA) သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၆၃၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၂၁၀ ခန့်၊ ကာကီနာဒါမြို့ ၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" သည် **စာမျက်နှာ ၁၆ ကော်လံ ၁** ❖

၂၈-၁၀-၂၀၂၅ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" (MONTHA) လမ်းကြောင်းပြမြေပုံ

